

# မင်္ဂလာ 吉祥

## အနာဂတ်ဆီ အတူလှမ်းချီ

## 一起向未来

မြန်မာစေတနာ့ဝန်ထမ်း။ ။ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် ဝန်ဆောင်မှုပေးရခြင်းမှာ ၂၀၂၂ ခုနှစ်အတွက် အကောင်းဆုံးလက်ဆောင်ဖြစ်သည်

缅甸志愿者：服务冬奥会是 2022 年的最好礼物

2022 02
总第 336 期
ISSN 1009-9417



# 欢迎您到金色的土地——缅甸来！
# “福地”热诚地欢迎您！

## 缅甸有丰富的旅游资源

◆有闻名世界的瑞光大金塔；
◆有号称“塔林”的蒲甘圣地；
◆有世界第一大书的瓦城“碑林”；
◆有世界第一大的“敏滚”大钟；
◆有缅甸故宫曼德勒皇城；
◆还有世界唯一的茵莱湖水上人家的独特风光；
◆还有避暑胜地彬乌伦、阳光灿烂的“昌达”海滨……
◆更有动人心弦的翡翠、珠宝的诱惑，等着您的到来！

※ 联系电话：0095-2-31832
0095-99061291　0095-95198193

※ 电子邮件：zuqing@mandalay.net.mm







缅甸曼德勒“福地”旅游有限公司

地址：缅甸曼德勒 41 条街（83/84 条街中间）68 号




၂၄ ရာသီစက်မှ နွေဦးသစ်ရာသီချိန်။
二十四节气之立春 CFP 图

主管：中华人民共和国国务院新闻办公室
主办：云南省人民政府新闻办公室
承办：云南日报报业集团
编辑出版：《吉祥》杂志社

编辑指导委员会成员
主任：彭　斌 何祖坤
副主任：赖　勇 王廷尧
主要管理人员
总编辑：王廷尧
法人代表、常务副总编辑：熊　燕
执行主编：张若谷
编辑部主任：陈创业
编辑部副主任：曹云波

缅文译审：郭联媒 许清媛　祝湘辉
第一读者：巴　乌（缅籍）
中文编辑：陈灿霞
缅文编辑：张莹琳 李雨曈
翻译：李祖清（缅籍）许清媛　杜光民（缅籍）
视觉设计：武　瑞
仰光分社：张莹琳　Zaw Ye Aung(缅籍）
发行：张俊宏

地址：中国云南省昆明市西山区日新中路 516 号云报传媒广场 A 座 9 楼
编辑部电话：86-871-64112973（传真）
办公室电话：86-871-64101644
发行部电话：86-871-64101727
邮　编：650034
仰光发行代理：仰光传媒集团
仰光分社地址：No.22/ 24, Aye Condo 4 floor ,Shin Saw Pu Road, Sanchaung Township, Yangon
电　话：09795503422　09959543599
发行范围：国内外公开发行
邮发代号：64-35
出版日期：每月五日
中国标准连续出版物号
ISSN 1009-9417
CN 53-1115/G2
http://www.yunnangateway.com
E-mail:yunnanjixiang@163.com

广告经营许可证号：5300004000052
印　刷：云南日报印务中心
定　价：10 元（人民币）/2000 缅币

တာဝန်ခံစီမံခန့်ခွဲသူ−−တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးဌာန
ထုတ်ဝေသူ−−ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးဌာန
တာဝန်ယူဆောင်ရွက်သူ−−ယူနန်နေ့စဉ်သတင်းစာအဖွဲ့
စီစဉ်တည်းဖြတ်၍ပုံနှိပ်ထုတ်ဝေသူ−−“မင်္ဂလာ”မဂ္ဂဇင်းစာတည်းအဖွဲ့

စာတည်းညွှန်ကြားရေးကော်မတီအဖွဲ့ဝင်
တာဝန်ခံ−− ဖုန်ပင်၊ ဟော်ကျိုခွင်း
ဒုတိယတာဝန်ခံ−− လိုက်ယုံ၊ ဝမ်ထင်ရောင်
အဓိကတာဝန်ထမ်းဆောင်သူများ
အယ်ဒီတာချုပ်−−ဝမ်ထင်ရောင်
ဥပဒေအကြံပေး၊ အမြဲတမ်းအမှုဆောင် ဒုတိယအယ်ဒီတာချုပ်−−ရှန်ရမ်
အမှုဆောင်အယ်ဒီတာချုပ်−−ကျန်းဇော့ကူ
စာတည်းဌာနတာဝန်ခံ−−ချိန်ချွမ်ရည်
စာတည်းဌာနဒုတိယတာဝန်ခံ−−ဆည်းဆာ

မြန်မာစာ တည်းဖြတ်ပြန်ဆိုသူ−−မင်္ဂလာဝင်း၊ ဒေါ်ခင်စိန်၊ သန့်ဇင်မောင်
ပထမဆုံးစာဖတ်သူ−−ဘဦး(မြန်မာနိုင်ငံသား)
တရုတ်စာအယ်ဒီတာ−−ချိန်ချန်ရှာ
မြန်မာစာ အယ်ဒီတာ−−ဖွေးဖွေးကြည်လင်၊ ခင်သက်နှင်း
မြန်မာစာဘာသာပြန်−−လီကြူချင်း(မြန်မာနိုင်ငံသား)၊ ဒေါ်ခင်စိန်၊ တော်ကောင်းမင်း(မြန်မာနိုင်ငံသား)
ဒီဇိုင်းဆွဲသူ−−ဝူရွေ
ရန်ကုန်မြို့ရုံးခွဲ−−ဖွေးဖွေးကြည်လင်၊ ဇော်ရဲအောင်(မြန်မာနိုင်ငံသား)
ဖြန့်ချိရေးဝန်ထမ်း−−ကျန်းကြိမ်ဟုန်

လိပ်စာ− (၉)လွှာ၊ အဆောက်အဦး(A) ၊ ယူနန်နေ့စဉ်သတင်းစာအဖွဲ့ မီဒီယာရင်ပြင်၊ အမှတ် (၅၁၆)၊
RixinZhong လမ်း၊ ရှီးစန်းရပ်ကွက်၊ ကူမင်းမြို့၊ ယူနန်ပြည်နယ်၊ တရုတ်နိုင်ငံ
Fax−−၈၆−၈၇၁−၆၄၁၁၂၉၇၃
ဖုန်းနံပါတ်−−၈၆−၈၇၁−၆၄၁၀၁၆၄၄
ဖြန့်ချိရေးဌာနဖုန်းနံပါတ်−−၈၆−၈၇၁−၆၄၁၀၁၇၂၇
စာပို့သင်္ကေတ−−၆၅၀၀၃၄
ရန်ကုန်မြို့ဖြန့်ချိရေးအေဂျင်စီ၊ Yangon Media Group Ltd.
ရန်ကုန်မြို့ရုံးခွဲလိပ်စာ−No.22/ 24၊ အေးကွန်ဒို ၄ လွှာ၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ရန်ကုန်မြို့ရုံးခွဲဖုန်းနံပါတ်။ ၀၉၇၉၅၅၀၃၄၂၂၊ ၀၉၉၅၉၅၄၃၅၉၉
တရုတ်ပြည်တွင်းပြည်ပတွင် ဖြန့်ချိထုတ်ဝေသည်
စာပို့ရန်အစားထိုးနံပါတ်−−၆၄−၃၅
လစဉ် ၅ ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေသည်
တရုတ်စံချိန်စံညွှန်းစဉ်ဆက်မပြတ်ပုံနှိပ်ထုတ်ဝေရေးနံပါတ်များ
ISSN 1009-9417
CN 53-1115/G2
http://www.yunnangateway.com
E-mail:yunnanjixiang@163.com

ကြော်ငြာဖော်ပြရန်ခွင့်ပြုချက်နံပါတ်−−၅၃၀၀၀၀၄၀၀၀၀၅၂
ပုံနှိပ်သူ−−ယူနန်နေ့စဉ်သတင်းစာအဖွဲ့ ပုံနှိပ်မှုလုပ်ငန်းဌာန
မဂ္ဂဇင်းတန်ဖိုး−−RMB ၁၀၊ ၂၀၀၀ ကျပ်




၂၀၂၂ ခုနှစ်တွင် “မင်္ဂလာ” မဂ္ဂဇင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မျက်နှာဖုံးဒီဇိုင်းအဖြစ် အသုံးပြုမည် ဖြစ်ပါသည်။ ယင်းနှင့်သက်ဆိုင်သော “နွေဦးသစ်စရာသီချိန်”နှင့် “ရှမ်းစက္ကူ” အကြောင်းအရာကို စာမျက်နှာ ၆၂ တွင် ရေးသားဖော်ပြမည် ဖြစ်ပါသည်။

2022 年，《吉祥》杂志将以非物质文化遗产作为封面主题，本期将为大家介绍“立春”和宣纸，详见 P62。

## “မင်္ဂလာ ”ဖတ်မှတ်စရာ

## 吉祥阅读


6 အနာဂတ်ဆီ အတူလှမ်းချီ

**一起向未来**

10 တရုတ်နိုင်ငံတွင် ကျင်းပသည့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကြီး

冬奥在中国

20 ဝါသနာအရင်းခံ ချစ်မြတ်နိုးမှုဖြင့် ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုအိပ်မက် အကောင်အထည်ဖော်ဆောင်ခဲ့

用“热爱”点燃冰雪梦

28 အစိမ်းရောင်အိုလံပစ်ပြိုင်ပွဲကို ကျင်းပခြင်းသည် ကတိကဝတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်၏

绿色办奥，是承诺更是行动

36 ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှ နည်းပညာအလင်းရောင်များ

冬奥会上的科技之光

40 နိုင်ငံတကာထံမှ ပဲ့တင်သံ။ ။ ထူးကဲသာလွန်ပြောင်မြောက်သည့် အိုလံပစ်အားကစားပွဲတော်ကြီး

国际回声：一届精彩、非凡、卓越的奥运盛会

42 မြန်မာစေတနာ့ဝန်ထမ်း။ ။ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် ဝန်ဆောင်မှုပေးရခြင်းမှာ ၂၀၂၂ ခုနှစ်အတွက် အကောင်းဆုံးလက်ဆောင်ဖြစ်သည်

缅甸志愿者：服务冬奥会是 2022 年的最好礼物

44 ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို အင်တာနက်ပေါ်က ကျွန်တော် အမြဲဂရုတစိုက် စောင့်ကြည့်ခဲ့

我在“云上”沉浸式打卡北京冬奥会

46 မြန်မာနိုင်ငံတွင် ရေခဲနှင့်ဆီးနှင်းမြို့တစ်မြို့ ရှိသည်ဆိုတာ အဆွေတို့ သိပါသလား

你知道吗？缅甸有个冰雪小镇

မာတိကာ 目录

# CONTENTS







## တရုတ်ယဉ်ကျေးမှု 中国文化


48 ယဉ်ကျေးမှုအမွေအနှစ်မှ ပုံပြောခြင်း။ ။ တရုတ်အင်တာနက်တစ်ခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်စေခဲ့သည့် “ထန်ခေတ်နန်းတွင်းမမလေး”များ အကြောင်း

【听文物讲故事】“火”遍中国互联网的“唐宫小姐姐”原来出自这里


## မြန်မာပြည်ကအသံ 缅甸之声


56 တရုတ်နိုင်ငံတွင် ပညာတော်သင်ရင်း တရုတ်နိုင်ငံ၏ စိတ်ဝင်စားဖွယ်များ ရှာဖွေလေ့လာခဲ့

在留学中探寻中国趣味


## ပျော်ရွှင်လေ့လာ တရုတ်ဘာသာ 学中文


62 တရုတ်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အလှအပကို ဖော်ပြနိုင်သော ရွှမ်းစက္ကူပြုလုပ်ခြင်းအတတ်ပညာ

中国非物质文化遗产——宣纸制作技艺




时隔 14 年，奥林匹克圣火再次在北京燃起，北京成为全球首个“双奥之城”。中国秉持绿色、共享、开放、廉洁的办奥理念，全力克服新冠肺炎疫情影响，认真兑现对国际社会的庄严承诺，确保了北京冬奥会如期顺利举行。

အချိန်ကာလ ၁၄ နှစ် ခြားပြီးနောက် အိုလံပစ်မီးရှူးကို ပေကျင်းတွင် တစ်ဖန်ပြန်၍ ထွန်းလင်းတောက်ပလာစေနိုင်ခဲ့လေပြီ။ ပေကျင်းသည် ကမ္ဘာ့ပထမဆုံး “အိုလံပစ်ပြိုင်ပွဲ နှစ်ကြိမ်ကျင်းပသောမြို့ကြီး” ဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံသည် အစိမ်းရောင်ဖြစ်ခြင်း၊ အတူမျှဝေခံစားခြင်း၊ ပွင့်လင်းခြင်း၊ သန့်ရှင်းခြင်းဟူသော အိုလံပစ်ကျင်းပရေးခံယူချက်ကို စွဲကိုင်လျက် ကိုဗစ်–၁၉ ကပ်ရောဂါ၏ ထိရောက်မှုကို အစွမ်းကုန် တိုက်ဖျက်ကာ၊ နိုင်ငံတကာအသိုက်အဝန်းထံ ပေးထားသည့် ကတိကဝတ်ကို အလေးအနက်ထား ဖော်ဆောင်ပြီး ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ခဲ့ပါသည်။



“နွေဦးသစ်စရာသီချိန်”အား ကြိုဆိုလျက် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပနေပုံကို တွေ့ရစဉ်။
《立春》倒计时开启北京冬奥会开幕式 新华社 图

我们应该牢记奥林匹克运动初心，共同维护世界和平。奥林匹克运动为和平而生，因和平而兴。要坚持相互尊重、平等相待、对话协商，努力化解分歧，消弭冲突，共同建设一个持久和平的世界。

ကျွန်တော်တို့သည် အိုလံပစ်အားကစား၏ မူလရည်မှန်းချက်ကို စွဲစွဲမြဲမြဲ မှတ်သားထားကာ ကမ္ဘာ့ငြိမ်းချမ်းရေးကို အတူတကွ ကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ပေသည်။ အိုလံပစ်အားကစားမှာ ငြိမ်းချမ်းရေးအတွက် ပေါက်ဖွားလာခဲ့သကဲ့သို့ ငြိမ်းချမ်းခြင်းကြောင့်ပင် ဖွံ့ဖြိုးတိုးတက်ကြရပေသည်။ အပြန်အလှန် လေးစားမှု၊ တန်းတူညီမျှ ဆက်ဆံမှု၊ တိုင်ပင်ညှိနှိုင်းဆွေးနွေးမှုတို့ကို အမြဲစွဲကိုင်ကာ မတူကွဲပြားမှုများကို ကြိုးစားဖြေရှင်း၍ ပဋိပက္ခများကို ပြေလည်အောင် ဆောင်ရွက်ကာ ရေရှည်ငြိမ်းချမ်းသော ကမ္ဘာကြီးတစ်ခုကို အတူတကွ တည်ဆောက်ကြရမည် ဖြစ်ပါသည်။

——摘自习近平在北京 2022 年冬奥会欢迎宴会上的致辞

၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ကြိုဆိုဂုဏ်ပြုညစာစားပွဲ၌
ရှီကျင့်ဖိန် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်



# အနာဂတ်ဆီ အတူလှမ်းချီ

# 一起向未来

“一起向未来”，北京冬奥会和冬残奥会用最简短的话语，道出最深刻的寓意。“一起”展现全人类团结的不屈力量，也是对奥林匹克精神中拒绝撕裂、减少隔阂的深刻解读；“向未来”表示人类对明天充满信心和希望，也是一直以来中国面向全世界的明确态度。

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပေကျင်း “ငှက်သိုက်” အားကစားကွင်းကြီး၏ ကောင်းကင်ယံ၌ မီးရှူးမီးပန်းများ ထွန်းလင်းတောက်ပလာခဲ့၍ တရုတ်အမျိုးသားအားကစားသည် တစ်ကမ္ဘာလုံး အာရုံစိုက်ရသည့်ဆုံမှတ် တစ်ဖန်ပြန်၍ ဖြစ်လာခဲ့ပေသည်။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံဒေသအသီးသီးမှ လူငယ် ၇၆ ဦးသည် အားကစားကွင်းထဲသို့ အတူယှဉ်တွဲဝင်ရောက်လာကြသည်။ သူတို့တစ်တွေ ဖြတ်လာသည့် တစ်လျှောက်လုံးမှာ ခြတ်ပုံကားချပ်ရှည်များ ထွက်ပေါ်လာ၍ ရုပ်ပုံမြစ်တစ်စင်းတငြိမ့်ငြိမ့် စီးဆင်းနေသည့်ပမာ ဖြစ်ခဲ့လေသည်။ ၎င်းက ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများ၏ မိမိတို့အိပ်မက်အတွက် စိတ်အားထက်သန်စွာ ကြိုးစားကြသည့် လှပသောမြင်ကွင်းကို ဖော်ဆောင်ပြသနိုင်ခဲ့သည်။ အားကစားသမားများသည် မိမိတို့ကိုယ်စီအိပ်မက်အတွက် ကြိုးစားကြသည်။ လူတိုင်းလူတိုင်းသည် အေးအတူပူအမျှ အတူယှဉ်တွဲ နေထိုင်ကာ ကိုဗစ်–၁၉ ကပ်ရောဂါကို အတူတကွ တိုက်ဖျက်ကြသည် . . . မတူသောနေရာတို့မှာ တူညီသော အိပ်မက်တို့ ရှိနေကြောင်း၊ မတူသောဘဝတို့မှာ တူညီသော ခံစားချက်တို့ ရှိနေကြောင်း တဒင်္ဂ တစ်ခုချင်းစီက ဖော်ကျူးပြသခဲ့ပေသည်။ အပြစ်ကင်းစင်သော အပြုံးမျက်နှာ တစ်ခုချင်းစီသည် ကမ္ဘာ့အလှဆုံး ရှုခင်းပင် ဖြစ်၍ ၎င်းတို့ထံတွင် အနာဂတ်၏ မျှော်လင့်ချက်တို့ကို မြင်ရနိုင်ပေသည်။

“အနာဂတ်ဆီ အတူလှမ်းချီ”ဟူသော အတိုဆုံး အရှင်းဆုံးတစ်ခွန်းတည်းဖြင့် အနက်ရှိုင်းဆုံး ဆိုလိုရင်းကို ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲနှင့် ဆောင်းရာသီမသန်စွမ်းအိုလံပစ်ပြိုင်ပွဲက ပြောပြနိုင်ခဲ့သည်။ လူသားမျိုးနွယ်အပေါင်း စည်းလုံးညီညွတ်ခြင်း၏ အင်အားကို “အတူ” ပြသနိုင်ခဲ့သကဲ့သို့၊ ခွဲထွက်ရန် ငြင်းဆန်၊ ကွဲကွာမှုကို လျှော့ချဟူသော အိုလံပစ်စိတ်ဓာတ်ကို နက်ရှိုင်းစွာ ဖွင့်ဆိုပြခြင်းလည်း ဖြစ်ပေသည်။ “အနာဂတ်ဆီ” ဆိုလိုသည်မှာလည်း လူသားမျိုးနွယ်တို့၏ မနက်ဖြန်အပေါ် ယုံကြည်ချက်၊ မျှော်လင့်ချက် အပြည့်ရှိနေခြင်းကို ပြသနေပေရာ၊ ၎င်းမှာ တစ်ကမ္ဘာလုံးသို့ တရုတ်နိုင်ငံက ထားရှိသည့်ရှင်းလင်းပြတ်သားသော သဘောထားလည်း ဖြစ်ပေသည်။

အနာဂတ်သည် အစိမ်းရောင်ဖြစ်၏။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲနှင့် ဆောင်းရာသီမသန်စွမ်းအိုလံပစ်ပြိုင်ပွဲတွင် အသုံးပြုသည့် နေရာပေါင်း ၃၉ နေရာထဲက ၁၀ နေရာမှာ နဂိုရှိပြီးဖြစ်သော အားကစားကွင်း ဖြစ်၍ ၄ နေရာမှာ ၂၀၀၈ ခုနှစ် အိုလံပစ်ပြိုင်ပွဲတုန်းက အရန်သင့် ချန်ထားသော မြေနေရာနှင့် လိုက်လျောညီထွေမှုရှိသော လျှပ်စစ်ဓာတ်အားပေးစနစ်၊ ရေပေးဝေမှုစက်ရုံ အစရှိသည့် မြို့ပြအခြေခံအဆောက်အအုံများကို အသုံးပြုထားခြင်း ဖြစ်ပေသည်။ ဝူခေါဆုန်းအားကစားကွင်း (ကက်ဒီးလက်အားကစားကွင်း)ဆိုလျှင် ရေခဲပြင်အားကစားကွင်းအဖြစ်မှ ဘတ်စကက်ဘော အားကစားကွင်းအဖြစ်သို့ ၆ နာရီအတွင်း ပြောင်းလဲနိုင်စွမ်းရှိသည်။ အမျိုးသားရေကူးစင်တာကိုလည်း “ရေကုဗ”အဖြစ်မှ “ရေခဲကုဗ”အဖြစ်သို့ ပြောင်းလဲစေကာ ရေခဲပြင်ဒိုးပစ်အားကစားပြိုင်ပွဲများကို ကျင်းပခဲ့လေသည်။ အမျိုးသားအရှိန်ပြင်းရေခဲပြင်စကိတ်စီးပြိုင်ပွဲကွင်း “ရေခဲဖဲကြိုး”မှာ ကမ္ဘာ့ပထမဆုံး ကာဗွန်ဒိုင်အောက်ဆိုက် အခြေပြောင်းမှတ်ဖြတ်ကျော် တိုက်ရိုက်အအေးစနစ်ဖြင့် ရေခဲပြုလုပ်သည့် ဆောင်းရာသီအိုလံပစ် အရှိန်ပြင်းရေခဲပြင်စကိတ်စီးပြိုင်ပွဲကွင်း ဖြစ်လာခဲ့၍ ကာဗွန်ထုတ်လွှတ်မှုမှာ သုညနီးပါးမျှသာ ရှိလေသည် . . . အစိမ်းရောင် အိုလံပစ်က တရုတ်နိုင်ငံ၏ အစိမ်းရောင်ဖွံ့ဖြိုးရေး ကတိကဝတ်ကို ထင်ဟပ်ပြသနေသည်။




မဂ္ဂဇင်းကို အလွယ်တကူ ဖတ်ရှုရန် QR ကုဒ်ကို စကင်ဖတ်ပါ။
扫描二维码 轻松听杂志

တရုတ်လက်ရွေးစင် ဆုယီမင်း(ဘယ်ပုံ)နှင့် ကနေဒါလက်ရွေးစင် ဒါစီ · ရှာပူတို့က ပြိုင်ပွဲအပြီးတွင် အချင်းချင်းဂုဏ်ပြုနေပုံကို တွေ့ရစဉ်။
中国选手苏翊鸣（左）和加拿大选手达西 · 夏普在比赛后庆祝 新华社 图




အနာဂတ်သည် ကျန်းမာကြံ့ခိုင်၏။ ။ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုမှာ လူကြိုက်များလာ၍ တရုတ်တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အားပေးရာ ရောက်လာခဲ့သည်။ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲဖွင့်ပွဲနှင့်အတူ ပြည်သူလူထုသည် ရေခဲနှင့် ဆီးနှင်းအားကစားလှုပ်ရှားမှုများအပေါ် ပိုမိုကျယ်ပြန့်စွာ စိတ်အားထက်သန်လာခဲ့ပေသည်။ တရုတ်နိုင်ငံတွင် အပူပိုင်းဒေသဖြစ်သော ဟိုင်နန်ပြည်နယ် စန်းယမြို့မှ “ရေခဲမြို့တော်” ဖြစ်သော ဟေးလုံကျန်းပြည်နယ် ဟားအော်ပင်းမြို့အထိ ပြည်သူ အမြောက်အမြား ရေခဲနှင့်ဆီးနှင်းအားကစားကွင်းသို့ အရောက်လာကြကာ တစ်မူထူးခြားသော ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၏ ပျော်ရွှင်မှုကို ကိုယ်တွေ့ခံစားခဲ့ကြသည်။ တရုတ်နိုင်ငံ၏ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို အကြောင်းပြု၍“ ပြည်သူ သန်း ၃၀၀ အား ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေး” ရည်မှန်းချက်မှာ အကောင်အထည်ဖော်လာခဲ့ပေသည်။





အနာဂတ်သည် စည်းလုံးညီညွတ်၏။ ။ကမ္ဘာတစ်ဝန်းမှာ ပေကျင်းအိုလံပစ်ပြိုင်ပွဲအား လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်း တောင်းပေးကြသည့် စိတ်အားထက်သန်သော ပြည်သူများ ရှိကြပေသည်။ ရုရှားနိုင်ငံက အငြိမ်းစား စစ်ဆရာဝန် ဗလာဒီမြာ• ဇော်ရိဘီယော့ဖ်သည် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွက် သီချင်းရေးစပ်ပေးပြီးနောက် နိုင်ငံအသီးသီးမှ အိုလံပစ်ပြိုင်ပွဲဝင်များကို အားပေးခဲ့သည်။ ၁၈၇ မီတာမြင့်သော အီဂျစ်ကိုင်ရိုမျှော်စင်ထက်တွင် "ပေကျင်းဆောင်းရာသီအိုလံပစ်"၊ "ပေကျင်း ၂၀၂၂"ဟူသော စာတန်းနှင့် ရုပ်ပုံများ ဖော်ပြကာ အဆိုပါဒေသရှိ ပြည်သူလူထုအား ပွဲတော်ကြီးကျင်းပနေပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ တရုတ် ရေခဲပြင်ဒိုးပစ်အားကစားသမားအတွဲက ပြိုင်ဘက်အမေရိကန် အားကစားသမားအတွဲအား ပေကျင်းဆောင်းရာသီအိုလံပစ်လာဘ်ကောင် ပင်းတွင်းတွင်း(Bing Dwen Dwen) တံဆိပ်ကိုလက်ဆောင်အဖြစ် ပေးခဲ့သည်။ ရွှေတံဆိပ် ဆွတ်ခူးရရှိသူ တရုတ်အမျိုးသမီး နှင်းလျှောစီးအားကစားသမားဖြစ်သူ ဂူအိုင်လင်သည် ချန်ပီယံနှင့်ကပ်လွဲခဲ့ရသည့် ပြိုင်ဘက်အားကစားသမား တက်စ်• လီဒူးကို ပြိုင်ပွဲအပြီးတွင် အားပေးနှစ်သိမ့်ခဲ့ပါသည် . . . အားကစားသည် လူသားမျိုးနွယ်အသိုက်အဝန်း၏ တူညီသော ဘုံဘာသာစကား ဖြစ်ပေသည်။ ၎င်းက လူတို့အား ပိုမိုနီးကပ်လာစေပြီး ကမ္ဘာကြီးအား စိတ်အားထက်သန်မှုများ အပြည့်နှင့် ဖြစ်လာစေသည့်တစ်ချိန်တည်းတွင် ချစ်ခြင်းတရားများ အပြည့်နှင့်လည်း ဖြစ်လာစေကာ ကမ္ဘာကြီးအား ပိုမိုစည်းလုံးညီညွတ်လာစေခဲ့ပေသည်။

ကိုဗစ်–၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုအောက်တွင် တရုတ်နိုင်ငံသည် ရိုးရှင်း၊ လုံခြုံ၊ ပြောင်မြောက်သော အိုလံပစ်အားကစားပွဲတော်ကြီးတစ်ခုကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့၍ ပြိုင်ပွဲဝင်များမှာလည်း မိမိတို့၏ အားကစားစွမ်းရည်ကို အားပါးတရ ထုတ်ဖော်ပြသနိုင်ခဲ့ကာ နိုင်ငံအသီးသီးက အားကစားပရိသတ်များမှာလည်း ပြိုင်ပွဲကြည့်ရခြင်း၏ ပျော်ရွှင်မှုကို အားပါးတရ မျှဝေနိုင်ခဲ့ကြပေသည်။ ကိုဗစ်–၁၉ ကပ်ရောဂါ၏ တိမ်ညိုအုံ့မှိုင်း မြူခိုးဆိုင်းနေသည့်ကာလကြီးတွင် ထိုသို့သော ပျော်ရွှင်မှုမျိုးကို မရရှိခဲ့သည်မှာ ကြာပြီ ဖြစ်၏။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် မတူညီသော အသားအရောင်၊ လူမျိုး၊ တိုင်းပြည်တို့မှ အားကစားသမားတို့သည် အတူပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှ ဆက်ဆံမှုဟူသော ကြည်နူးဖွယ်ရာများဖြစ်ရပ်များ ဖြစ်ပေါ်လာခဲ့သကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးတို့လည်း အေးအတူပူအမျှ အတူတကွရှိကြကာ အနာဂတ်၏ ပိုမိုကြီးမားသော ခွန်အားဆီသို့ အတူလှမ်းချီလာနိုင်ကြပေသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

ရေခဲပြင်စကိတ်စီးအကပြိုင်ပွဲ၏ အလွတ်တန်းပြိုင်ပွဲ ကျင်းပနေစဉ်။

冰上舞蹈自由舞比赛 新华社 图



新华社 图



ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို တရုတ်ကျားနှစ် နှစ်သစ်ကူးပွဲတော်ကာလနှင့် တိုက်ဆိုင်စွာ ကျင်းပခြင်းသည် တရုတ်လူမျိုးများအတွက် "မင်္ဂလာနှစ်ခု အတူရောက်" ဟူသော ကြည်နူးရွှင်လန်းမှုကို ခံစားရရှိစေပါသည်။

ဖေဖော်ဝါရီလ ၂ ရက် တရုတ်သက္ကရာဇ် နှစ်ဆန်းနှစ်ရက်နေ့တွင် ပေကျင်းမြို့သား ဝမ်ဖုန်းသည် ဇနီးနှင့် အသက် ၉ နှစ် အရွယ်သားငယ်တို့နှင့်အတူ ရှေးဟောင်းနန်းတော်ပြတိုက်သို့ သွားရောက်လည်ပတ်ခဲ့သည်။ ပြသသော ဒစ်ဂျစ်တယ် "ပင်းရှိပုံ"ကို ကြည့်ပြီး ဝမ်ဖုန်းမိသားစုမှ တရုတ်နိုင်ငံ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှု၏ သမိုင်းကို လေ့လာသိရှိခဲ့ပါသည်။ "ကလေးက အခု မူလတန်းကျောင်း စတုတ္ထ

# တရုတ်နိုင်ငံတွင် ကျင်းပသည့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကြီး

# 冬奥在中国

冰雪运动在中国有着悠久的历史，冬奥会开幕之际，中国参与冰雪运动人数达 3.46 亿人。当冬奥遇到中国，会迸发出怎样的火花？



CFP 图



ရှေးဟောင်းနန်းတော်မှ ဆီးနှင်းရှုခင်းအလှကို တွေ့ရစဉ်။

故宫雪景 CFP 图

တန်းတက်နေပြီ။ ကျောင်းမှာလည်း ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှု သင်ခန်းစာ ပါပါတယ်။ သူက အခုလို ရေခဲပြင်ဟော်ကီအသင်းမှာ အသင်းဝင်ထားပါတယ်”ဟု ဝမ်ဖုန်းက ပြောပါသည်။

ဒစ်ဂျစ်တယ် “ပင်းရှိပုံ”သည် မန်ချင်းမင်းဆက်ခေတ် ချန်လုံဧကရာဇ်လက်ထက်တွင် (၁၇၃၆ ခုနှစ်–၁၇၉၅ ခုနှစ်) တော်ဝင်ပန်းချီဆရာမှ ရေးဆွဲထားသည့် “ပင်းရှိပုံ”ကို ဒစ်ဂျစ်တယ်ပုံစံဖြင့် ပြသခြင်းဖြစ်ပါသည်။ “ပင်းရှိ”ဆိုသည်မှာ ရေခဲပြင်ပေါ် အားကစားလှုပ်ရှားမှုအားလုံးကို အတိုချုံးခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ မန်ချင်းမင်းဆက်ခေတ်(၁၆၃၆ ခုနှစ်–၁၉၁၂ ခုနှစ်) ဘုရင် ချန်လုံသည် ရေခဲပြင်ပေါ် အားကစားလှုပ်ရှားမှုကို အထူးကြိုက်နှစ်သက်ခဲ့သည်။ နှစ်စဉ်နှစ်တိုင်း တစ်နိုင်ငံလုံးမှ ရေခဲပြင်ပေါ် အားကစားကျွမ်းကျင်သူ ထောင်ချီကို ရွေးထုတ်ပြီး နန်းတွင်းသို့ ဝင်ရောက်လေ့ကျင့်ပြသစေရန် လုပ်ဆောင်ခဲ့သည်။ သမိုင်းရာဇဝင်မှတ်တမ်းအရ မန်ချင်းမင်းဆက်ခေတ်၏ရေခဲပြင်အားကစားတွင် အရှိန်ပြင်းရေခဲပြင်စကိတ်စီးခြင်း၊ အလှပြရေခဲပြင်စကိတ်စီးခြင်း၊ ရေခဲပြင်ပေါ် ဘောလုံးကန်ခြင်း၊ ရေခဲပြင်ပေါ် ဘောလုံးပစ်ခြင်းနှင့် ရေခဲပြင်နဘမ်းပွဲ စသည်တို့ကို ပါရှိကြောင်း သိရပါသည်။ “ပင်းရှိပုံ”သည် ထိုစဉ်က မန်ချင်းမင်းဆက်ခေတ် နန်းတွင်း၏ရေခဲပြင်အားကစားလုပ်ဆောင်နေသည့်ပုံကို စစ်မှန်စွာ ဖော်ပြထားပါသည်။

တကယ်တော့ တရုတ်နိုင်ငံ၏ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုသမိုင်းသည် ပိုမို ရှည်လျားခဲ့ပါသည်။ ယွမ်မင်းဆက်ခေတ် (၁၂၇၁ ခုနှစ်–၁၃၆၈ ခုနှစ်) တွင် သစ်သားစီးခြင်း ခေတ်စားသည်။ ယခုခေတ်က စကိတ်စီးခြင်း၊ ရေခဲပြင်စကိတ်စီးခြင်းတို့နှင့် တူညီသည်။ သစ်သားစီးခြင်းကို သယ်ယူပို့ဆောင်ရေးတွင်လည်း အသုံးပြုသည်။ စုံမင်းဆက်ခေတ် (၉၆၀ ခုနှစ်–၁၂၇၉ ခုနှစ်)တွင် ခေတ်စားခဲ့သော ရေခဲကုတင်သည် ယခု လုဂ်(Luge)အားကစား၏ ရှေ့ပြေးပုံဖြစ်ပါသည်။ ပိုမိုဝေးလံသော ရွှေမင်းဆက်ခေတ်(၅၈၁ ခုနှစ်–၆၁၈ ခုနှစ်)နှင့် ထမ်မင်းဆက်ခေတ်(၆၁၈ ခုနှစ်–၉၀၇ ခုနှစ်)တွင် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ နူကျိန်းတိုင်းရင်းသားသည် ရေခဲစကိတ်စီးနိုင်သော ဝါးပြားကို ဖန်တီးခဲ့ပြီဖြစ်သည်။ လူသည် ဝါးပြားပေါ် ရပ်ပြီး တုတ်ကိုင်ကာ ရေခဲပြင်ပေါ်တွင် စကိတ်စီးနိုင်သည်။ ယင်းသည် တရုတ်နိုင်ငံ၏ အစောဆုံးသော စကိတ်စီးနည်းလမ်းအနက် တစ်ခုဖြစ်ပါသည်။ ရှင်းကျန်းမြောက်ပိုင်းအစွန်းတွင် ရှိသော အာလေးထိုက်မြို့တွင် လွန်ခဲ့သောနှစ် ၁ သောင်းခန့်သည်မှာ ရေးဟောင်းကျောက်ပန်းချီပေါ်ရှိ ခြေထောက်က စကိတ်ပြားကို နင်းပြီး လက်က စကိတ်စီးတုတ်ကိုင်ပြီး အမဲလိုက်နေ









သော လူ၏ ပုံရိပ်ကို တွေ့မြင်နိုင်ပါသည်။

၁၉၈၀ ပြည့်နှစ် အမေရိကန်နိုင်ငံ Placid Lake တွင် ကျင်းပခဲ့သော ၁၃ ကြိမ်မြောက် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲသည် တရုတ်နိုင်ငံမှ ပါဝင်တက်ရောက်သော ပထမဆုံးအကြိမ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲဖြစ်ပါသည်။ ၂၀၀၂ ခုနှစ် အမေရိကန်နိုင်ငံ Salt Lake City တွင် ကျင်းပသော ၁၉ ကြိမ်မြောက် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှာ အမျိုးသမီး အရှိန်ပြင်းရေခဲပြင်စကိတ်စီးအားကစားသမား ရန်ရန်သည် တရုတ်နိုင်ငံအတွက် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ ရွှေတံဆိပ်ဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးရရှိခဲ့သည်။

ရန်ရန်၏အိမ်သည် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဟေးလုံကျန်းပြည်နယ်တွင် ရှိသည်။ ၁၉၅၃ ခုနှစ် ပထမဆုံးအကြိမ် တရုတ်နိုင်ငံရေခဲပြင် အားကစားပြိုင်ပွဲကို ဟေးလုံကျန်းပြည်နယ်၏ မြို့တော်ဟားအော်ပင်းတွင် ကျင်းပခဲ့သည်။ ထို့နောက် ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုမှာ ဟေးလုံကျန်းမြို့တွင် ခေတ်စားလာခဲ့သည်။ “ထိုအခါက စက်ရုံတွေ၊ အဖွဲ့အစည်းတွေက ရေခဲပြင်ဟော်ကီအသင်းတွေ ဖွဲ့ပြီးတော့ ပြိုင်ပွဲတွေ ကျင်းပကြတယ်။” လွန်ခဲ့သော ရာစုဝက်နှစ်ကျော်တုန်းက ဟားအော်ပင်း ဆောင်းရာသီ၏ ပြင်ပရေခဲပြင်ပေါ်ရှိ စည်ကားပျော်ရွှင်ဖွယ်သော ပုံရိပ်ကို တရုတ်နိုင်ငံ၏ ပထမဆုံးဆောင်းရာသီအားကစားပြိုင်ပွဲ ကမ္ဘာ့ချန်ပီယံဆုရှင် လောကျီဟွမ်က သေချာစွာ မှတ်မိနေသည်။

လွန်ခဲ့သောဆယ်စုနှစ်များက ဟေးလုံကျန်းသည် ပြည်နယ်အတွင်းရှိ အခြေအနေကိုက်ညီသော ကျောင်းများတွင် ရေလောင်းပြီး ရေခဲပြင်ပြုလုပ်စေကာ ရေခဲပြင်ပေါ်အားကစား လုပ်ဆောင်စေခဲ့သည်။ တောင်အနီးအနားရှိ အချို့သော ကျောင်းများအတွက် စကိတ်စီးဘုတ်များ ဝေပေးသည်။ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုမှာ ဒေသခံဆောင်းရာသီအားကစားသင်ကြားရေး၏ အရေးပါသည့် အကြောင်းအရာ ဖြစ်သည်။

ယနေ့ တရုတ်နိုင်ငံတောင်ပိုင်းနေရာအများစုတွင်လည်း ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှု ဖွံ့ဖြိုးလာနေပါသည်။ ဆီးနှင်းကျရန်ရှားပါးသော ရှန်ဟဲ၊ ကွမ်ကျိုး စသည့်မြို့များတွင် အဆင့်မြင့် မိုးလုံလေလုံ ရေခဲပြင်စကိတ်ကွင်းများကို ဆောက်လုပ်ထားသည်။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲမတိုင်မီ တရုတ်နိုင်ငံမှ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုအတွင်း ပါဝင်သောလူဦးရေမှာ သန်းပေါင်း ၃၄၆ ခန့်ရှိပြီ ဖြစ်သောကြောင့် “လူသန်း ၃၀၀ ကို ဦးဆောင်ပြီး ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုထဲတွင် ပါဝင်ရန်” ဟူသော ပန်းတိုင်ကြိုတင်ဖြစ်မြောက်နိုင်ခဲ့ပါသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

ပုံ ၁။ 3D ဒစ်ဂျစ်တယ်နည်းပညာမှတစ်ဆင့်“ ပြန်လည်အသက်ရှင်သန်လာသော”အမည်ကျော်ပန်းချီကား “ပင်းရှိပုံ”ကို တွေ့ရစဉ်။

图① 通过3D数字技术“复活”的名画《冰嬉图》CFP 图

ပုံ ၂။ ဟေးလုံကျန်းပြည်နယ်ရှိ နှင်းလျှောစီးကွင်းတစ်နေရာတွင် နည်းပြဆရာက နှင်းလျှောစီးဝါသနာအိုးများအား နှင်းလျှောစီးနည်း သင်ပြနေစဉ်။

图② 在黑龙江省一处滑雪场，教练在教滑雪爱好者滑雪 新华社 图

ပုံ ၃။ ကလေးများက စကိတ်စီးလေ့ကျင့်နေပုံကို တွေ့ရစဉ်။

图③ 小朋友练习双板滑雪 新华社 图


BEIJING 2022
BEIJING 2022
CHINA

# ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှ တရုတ်ဒြပ်စင်များ

# 冬奥会上的中国元素




图片来源：新华社 CFP　设计 武瑞

# ဆောင်းရာသီအိုလံပစ်အများဆုံးရှာဖွေတွေ့ရှိမှုများ

# 冬奥热搜



①

## “ပင်းတွင်းတွင်း”ကို မည်သူမှ မငြင်းနိုင်ပါ

## 没有人可以拒绝“冰墩墩”

“ ‘ငါတစ်ခုတော့ရကို ရရမယ်။’လာဘ်ကောင်အရုပ်ကို လုဝယ်နေကြသည်” “ဆုချီးမြှင့်စင်မြင့်မှသည် ပရိသတ်စင်မြင့်များအထိပါ ‘ပင်းတွင်းတွင်း’ကို နေရာတိုင်းတွင် တွေ့မြင်နိုင်ပါသည်”... UK Reuters၊ CNN စသည့် နိုင်ငံခြားမီဒီယာများမှ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ လာဘ်ကောင်အရုပ် “ပင်းတွင်းတွင်း”နာမည်ကျော်လာသည့်သတင်းကို ထုတ်လွှင့်နေကြသည်။“ပင်းတွင်းတွင်း”သည် တရုတ်နိုင်ငံတွင် လူအများစုက ဝယ်ယူအားပေးခြင်းကြောင့် ပစ္စည်းပြတ်လပ်ပြီး ဝယ်မရနိုင်သည့် အခြေအနေ ဖြစ်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူပြည်သားများ၏ နှလုံးသားအား လှုပ်လှဲလာစေပါသည်။

“ပင်းတွင်းတွင်း”၏ ဒီဇိုင်းသည် တရုတ်နိုင်ငံ ပန်ဒါပုံရိပ်နှင့် ရေခဲပုံဆောင်ခဲခွံဖြင့် ရောပြီး ဆောင်းရာသီ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုနှင့် ခေတ်ပေါ်နည်းပညာများ၏ ထူးခြားချက်ကို ပေါ်လွင်စေသည်။



②








## ပဲပေါက်စီကိုင်ပြီး ပျံတက်နေသူ

## 揣着半个豆包 在云顶雪场起飞

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ စနိုးဘုတ်ပုံ အားကစားကွင်းသည် ကျန်းကြားခုတ် ပြိုင်ပွဲဇုန်ရှိ ယူတင်နှင်းလျှောစီးပန်းခြံတွင် တည်ရှိသည်။ အမျိုးသမီးခြေစစ်ပြိုင်ပွဲအတွင်း Malta မှ Jenise Spiteri သည် ပဲပေါက်စီတစ်ဝက်ကို ကိုင်ပြီး ဤနေရာတွင် စကိတ်စီးခဲ့ပါသည်။

ရမှတ်စောင့်ဆိုင်းဇုန်တွင် စောင့်ဆိုင်းနေစဉ် သူမသည် ပြုံးပြီး ပဲပေါက်စီကိုကိုင်ကာ ကင်မရာရှေ့တွင် ကိုက်ပြလိုက်သေးသည်။ ပြီးနောက် လက်မနှစ်ချောင်း ထောင်လိုက်သည်။ “အင်း၊ အဲဒါ ပဲနီပေါက်စီလေ။ ရောက်ကတည်းက နေ့တိုင်းနေ့တိုင်း ၆ လုံးစားတယ်။ မနက်စာနှစ်လုံး၊ နေ့လယ်စာနှစ်လုံး၊ ညစာနှစ်လုံးပါ။ ဒါဟာ ဆောင်းရာသီအိုလံပစ်ကျေးရွာမှာ ကျွန်မ အကြိုက်ဆုံး အစားအစာဖြစ်ပါတယ်။”

တကယ်တော့ ယခုအကြိမ်ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ အစားအသောက်မှာ အားကစားသမားများ၏ ချီးမွမ်းခြင်းများစွာ ရရှိခဲ့သည်။ အမေရိကန်နိုင်ငံ စနိုးဘုတ်အားကစားသမား Tessa Maud သည် ဆောင်းရာသီအိုလံပစ်ကျေးရွာ၏ “အစားအသောက်ထုတ်လွှင့်သူ” ဖြစ်လာသည်။ ဆိုရှယ်မီဒီယာများပေါ်တွင် ဗီဒီယိုဖြင့် ဆောင်းရာသီအိုလံပစ်ကျေးရွာ၏ အစားအသောက်များကို မျှဝေခဲ့သည်။ “ ကြက်သွန်မိတ်ဆီကြော်ကိတ်၊ တန်တန်ခေါက်ဆွဲ၊ မာဖော်တိုဖူး…ဒါတွေအားလုံးဟာ အရမ်းစားကောင်းတယ်”ဟု သူမ ပြောခဲ့သည်။

ပုံ ၁၊ ၂။ ၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ လာဘ်ကောင်အရုပ်“ပင်းတွင်းတွင်း”ကို တွေ့ရစဉ်။

图①② 北京2022年冬奥会吉祥物“冰墩墩”新华社 图

ပုံ ၃။ မြေထည်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် လက်မှုပညာဆက်ခံသူက မြို့သူမြို့သားများအား မြေထည် “ပင်းတွင်းတွင်း” ပြုလုပ်ပုံပြုလုပ်နည်း လက်တွေ့ပြသနေပုံကို တွေ့ရစဉ်။

图③ 陶塑非遗传承人在教市民制作陶塑版“冰墩墩” 新华社 图

ပုံ ၄။ Jenise Spiteri က ပြိုင်ပွဲအပြီးတွင် ပဲပေါက်စီ စားနေပုံကို တွေ့ရစဉ်။

图④ 珍妮丝 · 斯皮泰里完成比赛后吃起了豆包 视频截图



အမျိုးသားနှင်းခဲပြင်လျှောစီးစင်တာမှ “Xue Ruyi”ကို တွေ့ရစဉ်။

国家跳台滑雪中心“雪如意” CFP 图

## နှင်းခဲပြင်လျှောစီးစင်တာဘေးတစ်လျှောက်သည် မဟာတံတိုင်းကြီးဖြစ်သည်

## 跳台旁就是万里长城

ကျန်းကြားခုတ်ပြိုင်ပွဲဇုန်ရှိ အမျိုးသားနှင်းခဲပြင်လျှောစီးစင်တာသည် “Xue Ruyi”ဟု အမည်ရသည်။ တရုတ်နိုင်ငံ၏ ထူးခြားချက်များနှင့် သဘာဝလူမှုယဉ်ကျေးမှု ပေါင်းစပ်ထားခြင်းကြောင့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲဇုန်များ၏ ဆယ်လီအဆောက်အအုံ ဖြစ်လာသည်။ နိုင်ငံတကာမှ အားကစားသမားများလာရောက် check-in လုပ်၊ ဓာတ်ပုံရိုက်ကြသည်။ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် အသက် ၂၁ နှစ်ရှိ အမေရိကန်နိုင်ငံမှ နှင်းခဲပြင်လျှောစီးအားကစားသမား Anna Hoffman သည် “Xue Ruyi”၏ ဗီဒီယိုကို ရိုက်ကူးပြီး နှင်းခဲပြင်လျှောစီးစင်တာဘေးတစ်လျှောက်သည် မဟာတံတိုင်းကြီးဖြစ်ကြောင်း အထူးအံ့အားသင့်စေခဲ့သည်။ ဆိုရှယ် မီဒီယာစင်မြင့်တွင် like ၂ သိန်းကျော် ရရှိခဲ့ပါသည်။



မာလန်ပန်းကလေးအဆိုတော်အဖွဲ့သည် ဖွင့်ပွဲအခမ်းအနားတွင် ဂရိဘာသာစကားဖြင့် သီချင်းဆိုကြပုံကို တွေ့ရစဉ်။
马兰花儿童合唱团用希腊语在开幕式上歌唱 新华社 图

## တရုတ်နိုင်ငံကလေးများက “အိုလံပစ်သီချင်း”ကို ဒီလိုသီဆိုခဲ့သည်

## 中国娃娃这样唱《奥林匹克颂》

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ထိုက်ဟန်ရှန်း (တရုတ်နိုင်ငံမှ အရှေ့ပိုင်းဒေသတွင် အရေးပါသော တောင်တန်းနှင့် ပထဝီပိုင်းခြားမျဉ်း) အတွင်းပိုင်းရှိ မာလန်ကျေးရွာမှ ကလေးငယ် ၄၄ ယောက်တို့ သီဆိုသော “အိုလံပစ်သီချင်း”သည် ကမ္ဘာကျော်ခဲ့ပါသည်။ အဆိုပါသီချင်းအတွင်းပါရှိသည့် ဂရိဘာသာစကားအပိုင်းသည် တရုတ်ဘာသာအသံထွက် စာလုံးပေါင်းအက္ခရာများဖြင့် တစ်လုံးချင်း သင်ယူခဲ့ခြင်းဖြစ်သည်ကို သင်သိပါသလား။ အသက် ၈၀ ရှိတော့မည့် မာလန်ကျေးရွာ စေတနာ့ဝန်ထမ်းဆရာမ တိမ်ရှောင်လန်နှင့် ဆရာများမှ ယင်းကလေးများအား ထပ်ခါထပ်ခါ အသံပြင်ပြီးတော့ သင်ကြားပို့ချကာ လေ့ကျင့်မှုများ လုပ်ဆောင်ပေးခြင်းမှ ဤ “အိုလံပစ်သီချင်း”သည် ထိုကဲ့သို့သော ထူးခြားသည့် နည်းလမ်းဖြင့် ကမ္ဘာကျော်ခဲ့ရခြင်း ဖြစ်ပါသည်။

ကလေးငယ် ၄၄ ယောက်သည် ဟော်ပေပြည်နယ် ပေါင်တင့်မြို့ ပုံဖျင်ခရိုင် ချိန်နန်ကျွမ်းမြို့နယ်ရှိ မူလတန်းကျောင်းများမှ အသီးသီး လာရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီး ဖေဖော်ဝါရီလ ၅ ရက်နေ့ ညပိုင်းတွင် ကလေးများသည် မိမိအိမ်သို့ ပြန်ရောက်ခဲ့ကြသည်။ “ဒီတစ်ခေါက်ပွဲတော်ကြီးမှာ ပါဝင်ခွင့်ရလိုက်တဲ့ အခွင့်အရေးကနေတဆင့် နောင်အနာဂတ်မှာ မိမိကိုယ်ကို အဆက်မပြတ် တွန်းအားပေးနိုင်ဖို့ မျှော်လင့်တယ်”ဟု ကလေးကို လာကြိုသော မိဘတစ်ဦးက ပြောသည်။

မင်္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

# ဝါသနာအရင်းခံ ချစ်မြတ်နိုးမှုဖြင့် ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုအိပ်မက် အကောင်အထည်ဖော်ဆောင်ခဲ့

# 用“热爱”点燃冰雪梦

“单板滑雪是我的一生所爱。” 2 月 11 日， 35 岁的美国单板滑雪名将肖恩 · 怀特获得第四名，为自己的职业生涯画上了句号。因为热爱，所以全力以赴；因为热爱，所以享受过程。冬奥会的赛场上，冰雪健儿用坚持诠释热爱，用汗水浇灌梦想。而奥林匹克的精彩，正是由无数这样的故事组成。

“စနိုးဘုတ်ဟာ ကျွန်တော့်တစ်သက်တာလုံး ကြိုက်နှစ်သက်တဲ့ အားကစားပါ။”မိမိ၏ ပဉ္စမအကြိမ်မြောက် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ခရီးစဉ် လှမ်းချီခဲ့ပြီးနောက် အသက် ၃၅ နှစ်အရွယ် အမေရိကန်နိုင်ငံမှ နာမည်ကျော် စနိုးဘုတ်အားကစားသမား Shaun White သည် စိတ်လှုပ်ရှားပြီး မျက်ရည်ကျခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ကျင်းပသော ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ စနိုးဘုတ် U ပုံသဏ္ဍာန်ကွင်း အမျိုးသားဖိုင်နယ်ပြိုင်ပွဲတွင် စတုတ္ထရရှိခဲ့သော Shaun White သည် ဆုချီးမြှင့်စင်ပေါ်တက်ရန် ခြေတစ်လှမ်းသာ ကွာဝေးခဲ့ပါသည်။ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ရွှေတံဆိပ် ၃ ခုကို ဆွတ်ခူးကိုင်ဆောင်ထားသည့် ဤဒဏ္ဍာရီဝင်အားကစားသမားသည် စိတ်မကောင်းမှုအချို့တို့ဖြင့် ၎င်း၏ အားကစားသမားဘဝကို ခွဲခွာနှုတ်ဆက်ခဲ့ပါသည်။

ဝါသနာအရင်းခံ ချစ်မြတ်နိုးမှုကြောင့် တစိုက်မတ်မတ် အားထုတ်ကြိုးစားခဲ့ပါသည်။ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ ပြိုင်ပွဲကွင်းတွင် အခက်အခဲများအား ဖွဲလုံ့လဖြင့် ဖြတ်ကျော်နိုင်ခြင်းဖြစ်စဉ်များ မရေမတွက်နိုင်အောင် ဖြစ်ပေါ်လျက်ရှိနေပါသည်။ မိမိကိုယ်ကို အဆက်မပြတ် မြှင့်တင်ကျော်ဖြတ်သွားသည့် ခရီးစဉ်တွင် အောင်နိုင်သည့်ပျော်ရွှင်မှုနှင့် ရှုံးနိမ့်မှုများအား တွေးတောခြင်းနှင့်အတူ ရေခဲနှင့်ဆီးနှင်းအားကစားသမားများသည် ၎င်းတို့၏ အဖိုးတန်သော စည်းစိမ်ဥစ္စာများကို ရရှိကြပြီး အိုလံပစ်စိတ်ဓာတ်အပေါ် နားလည်မှု ပိုမိုနက်ရှိုင်းလာသကဲ့သို့ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုအပေါ် ချစ်မြတ်နိုးမှုမှာလည်း ပို၍ခိုင်မာလာပါသည်။

တရုတ်နိုင်ငံ စနိုးဘုတ်အားကစားလက်ရွေးစင် လျူကျာယွီနှင့် ချာရှယ်ထုံတို့သည် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအား စတုတ္ထအကြိမ်မြောက် ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ လွန်ခဲ့သော ၄ နှစ်က လျူကျာယွီသည် ဖိန်ချမ်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုကို ဆွတ်ခူးရရှိခဲ့ပါသည်။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင်မူ သူမသည် အဌမနေရာတွင် ရပ်တည်ခဲ့ရသော်လည်း သူမ၏ မျက်နှာပေါ်က အပြုံးများ တောက်ပနေဆဲဖြစ်ပါသည်။ “အောင်မြင်မှုရလဒ်အရေးကြီးပေမယ့် ပါဝင်ဆင်နွှဲမှုဖြစ်စဉ်ဟာ ပိုပြီးအရေးကြီးပါတယ်။




ကိုယ်လုပ်ချင်တာကို လုပ်နေရတဲ့အတွက် ကျွန်မက နေ့တိုင်း အလွန်ပျော်ရွှင်နေပါတယ်''ဟု လျူကျာယွီက ပြောပါသည်။

ဝါသနာအရင်းခံ ချစ်မြတ်နိုးမှုကြောင့် ပါဝင်ဆင်နွှဲမှုဖြစ်စဉ်တွင် နစ်မျောလျက်ရှိပါသည်။ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ စင်မြင့်ပေါ်တွင် ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝှမ်းမှ အားကစားသမားများ၏ အပြုံးများကြောင့် မကြာခဏ စိတ်ကြည်နူးခဲ့ရပါသည်။ ယှဉ်ပြိုင်မှုတွင် လွဲချော်မှုဖြစ်ပြီး မြေပြင်ပေါ် လဲကျသွားရင်တောင် ပွဲကြည့်ပရိသတ်များ၏ စိုးရိမ်မှုအောက်တွင် ယင်းအားကစားသမားများသည် အေးအေးဆေးဆေး မတ်တပ်ထရပ်ခဲ့ကြပါသည်။ မိမိကိုယ်ပေါ်မှ ရေခဲစ (သို့) နှင်းပွင့်များအား ပုတ်ခါကာ ပရိသတ်များအား ပြုံးပြုံးရွှင်ရွှင်နှင့် နှုတ်ဆက်ကြပါသည်။ သူတို့သည် မိမိကိုယ်ကို အမြင့်ဆုံး အခက်အခဲနှင့် အလျင်မြန်ဆုံးသော အမြန်နှုန်းကို စိန်ခေါ်လိုက်နိုင်လျှင်၊ ကိုယ်ပိုင်ကန့်သတ်ချက်များကို ကျော်ဖြတ်သွားနိုင်လျှင် ခံစားရသော ကျေနပ်မှုမှာမူ ဆုချီးမြှင့်စင်ပေါ် တက်သကဲ့သို့ ထပ်တူခံစားမိနိုင်ပါသည်။

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ပြိုင်ပွဲကွင်းတွင် ဝါသနာအရင်းခံ ချစ်မြတ်နိုးမှုကို ဖော်ပြသည့် အဖြစ်အပျက်များ ပျံ့နှံ့လျက်ရှိပါသည်။ အသက် ၄၆ နှစ် အရွယ် ဘရာဇီးနိုင်ငံ တောလမ်းကြမ်း ဖြတ်ကျော် နှင်းလျှောစီးအားကစားသမား Jacqueline Moran သည် ၂၀၀၈ ခုနှစ် ပေကျင်းနွေရာသီအိုလံပစ်ပြိုင်ပွဲ၏ တောင်တက်စက်ဘီးပြိုင်ပွဲကို ပါဝင်ဆင်နွှဲခဲ့ပါသည်။ သူသည် နွေရာသီအိုလံပစ်နှင့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ လက်ရွေးစင်အနေနှင့် ပေကျင်းမြို့ကို ထပ်မံရောက်ရှိလာခဲ့ပါသည်။ မိမိသည် အားကစားလှုပ်ရှားမှုအပေါ် ချစ်မြတ်နိုးမှုကို ထာဝရ ထိန်းသိမ်းနေဆဲဖြစ်ကြောင်း သူမက ပြောကြားပါသည်။

အိုလံပစ်အားကစားပွဲကြီး၏ ခမ်းနားထည်ဝါမှုမှာ ဤကဲ့သို့သော ဖြစ်ရပ်မှန်အကြောင်းများစွာဖြင့် ဖွဲ့စည်းဖန်တီးလိုက်ခြင်းဖြစ်ပါသည်။

တရုတ်အားကစားသမား ဖန်ခယ်စင်က ပြိုင်ပွဲအပြီးတွင် ရေခဲပြင် နမ်းနေပုံကို တွေ့ရစဉ်။
中国运动员范可新在比赛后亲吻冰面 新华社 图

# ဆောင်းရာသီအိုလံပစ်အများဆုံးရှာဖွေတွေ့ရှိမှုများ

# 冬奥热搜



## စူယီမင်း

## 苏翊鸣



စနိုးဘုတ် အမျိုးသား လျှောစောက်အတားအဆီးစွမ်းရည်ပြသမှု ဖိုင်နယ်ပြိုင်ပွဲတွင် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ပါဝင်ဆင်နွှဲသော အသက် ၁၇ နှစ်အရွယ် တရုတ်လက်ရွေးစင် စူယီမင်းသည် ပထမဆုံး ၁၈၀၀ ဒီဂရီ ဝေဟင်တွင်လှည့်မှု ပြုလုပ်ပြီးနောက် ရမှတ် ၈၈.၇၀ ဖြင့် ငွေတံဆိပ်တစ်ခုကို အောင်မြင်စွာ ဆွတ်ခူးရရှိခဲ့ပါသည်။ ယင်းသည် တရုတ်အသင်းမှ အဆိုပါအားကစားနည်းတွင် ပထမဆုံး အကြိမ် ပါဝင်ဆင်နွှဲခွင့်ရရှိခြင်း ဖြစ်သည်။

တရုတ်နိုင်ငံက ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ လက်ခံကျင်းပရန် အောင်မြင်စွာ မလျှောက်နိုင်ခဲ့ပါက စူယီမင်းသည် ပရော်ဖက်ရှင်နယ် သရုပ်ဆောင်တစ်ဦး ဖြစ်လာဖွယ် ရှိခဲ့ပါသည်။ သူ့အသက် ၁၀ နှစ်အရွယ်တွင် “ဉာဏ်အမြော်အမြင်ဖြင့် ကျားတောင် တိုက်ခိုက်ခြင်း (The Taking of Tiger Mountain)”ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် လူသိများပါသည်။ ၂၀၁၅ ခုနှစ်တွင် ပေကျင်းသည် ၂၀၂၂ ခုနှစ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် လျှောက်ထားမှုအောင်မြင်ခဲ့ရာ စူယီမင်းသည် အလွန်စိတ်လှုပ်ရှားခဲ့ပြီး ပရော်ဖက်ရှင်နယ် နှင်းလျှောစီးအားကစားသမား တစ်ယောက် ဖြစ်လာရန် ဆုံးဖြတ်ခဲ့ပါသည်။

စူယီမင်းသည် သူ့အသက် ၄ နှစ်အရွယ်တွင် နှင်းလျှောစီးခြင်းနှင့်




စတင်ထိတွေ့ခဲ့ပါသည်။ အသက် ၁၄ နှစ်အရွယ်တွင် တရုတ်နိုင်ငံ စနိုးဘုတ် Big Air နှင့် လျှောစောက်အတားအဆီးစွမ်းရည်ပြသမှု အမျိုးသားလေ့ကျင့်ရေးအသင်းသို့ ဝင်ရောက်ရန် ရွေးချယ်ခံခဲ့ရသည်။ အသက် ၁၅ နှစ်အရွယ်တွင် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲကို စတင်ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ထိုစဉ်က စူယီမင်းသည် ၎င်းပရောဂျက်၏ ကမ္ဘာ့လူငယ်ပြိုင်ပွဲတွင် နံပါတ် ၄၇ နေရာတွင်သာ ရပ်တည်ခဲ့ပါသည်။ ကြိုးပမ်းအားထုတ်မှုဖြင့် အောင်သီးအောင်နှံများရရှိခဲ့ပါသည်။ စူယီမင်းသည် အရှိန်အဟုန်ဖြင့် တိုးတက်ကာ နောက်ဆုံးတွင် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်နိုင်သော အရည်အချင်း ပြည့်မီခဲ့ပါသည်။

နှစ်ရှည်လများ စောင့်မျှော်ခဲ့ရသည့် ဆောင်းရာသီအိုလံပစ် ဖိုင်နယ်ပြိုင်ပွဲအပေါ် စူယီမင်းသည် အပြည့်အဝ ပြင်ဆင်ထားသည်။ အပြင်းထန်ဆုံး လေ့ကျင့်ရသည့် ရက်သတ္တပတ်တွင် နှင်းလျှောစီးအချပ်ရှည် ၄ ချပ်ပျက်စီးခဲ့ရကြောင်း သူက ထုတ်ဖော်ပြောကြားခဲ့သည်။ “ကျွန်တော်က လက်ရွေးစင်တော်တော်များများကို နည်းပြပေးပြီး အတွေ့အကြုံတွေအများကြီး စုဆောင်းရရှိခဲ့တာပါ။ အချိန်တိုလေးအတွင်းမှာ အောင်မြင်မှုကို ပုံဖော်နိုင်ဖို့ ကျွန်တော်နဲ့ စူယီမင်းတို့ ကြိုးပမ်းမှုအပြင် သူဟာတရုတ်အားကစားသမားတစ်ယောက်အနေနဲ့ သူ့အမိနိုင်ငံတစ်နိုင်ငံလုံးရဲ့ အားပေးမှုနဲ့ ထောက်ပံ့မှုလည်း ရရှိခဲ့ပါတယ်”ဟု စူယီမင်း၏ ဂျပန်နိုင်ငံမှ နည်းပြဆရာ Yasuhiro Sato က ပြောကြားပါသည်။

စူယီမင်း၏ပြိုင်ဆိုင်မှုမှာ အမှန်တကယ်ပင် အာရုံစိုက်ခံရပြီး အထူးသဖြင့် ၁၈၀၀ ဒီဂရီ နှစ်ကြိမ် ကိုယ်ခန္ဓာလှည့်ခြင်း ထွက်ပေါ်လာသည့်အတွက် သူသည် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိနိုင်သော မျှော်လင့်ချက်ကို မြင့်မားလာစေပါသည်။ ထို့ကြောင့် နောက်ဆုံးရမှတ် ၈၈.၇၀ ဖြင့် ငွေတံဆိပ်ဆု ရရှိစဉ်တွင် အွန်လိုင်းပရိသတ်များသည် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို မေးခွန်းထုတ်ခဲ့ကြပါသည်။ “ဒိုင်လူကြီးတစ်ယောက်ချင်းက ပေးတဲ့အမှတ်ကို ကျွန်တော် အထူးတလည် ဂရုမစိုက်ပေမယ့် ဒီရမှတ်အတွက် ကျွန်တော် အရမ်းပျော်ပါတယ်”ဟု စူယီမင်းက တုံ့ပြန်ပြောဆိုခဲ့ပါသည်။

ပြိုင်ပွဲအပြီးတွင် စူယီမင်းသည် ၎င်း၏ ၁၈ နှစ်မြောက်မွေးနေ့ရောက်ရှိတော့မည် ဖြစ်သည်။ “ကျွန်တော့် အသက် ၁၇ နှစ်အရွယ်မှာ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ရတဲ့အတွက် စိတ်ပူစရာမရှိပါဘူး။ ကိုယ့်ရဲ့အကောင်းဆုံးအရည်အချင်းကို ထုတ်ဖော်နိုင်ရင် ရပါပြီ” ဟု သူက ပြောဆိုပါသည်။ အနာဂတ်တွင် မရေမတွက်နိုင်သော ဖြစ်နိုင်ချေများစွာလည်း ရှိနိုင်လိမ့်မည်။

图片来源：新华社




**ဂူအိုင်လင်(Eileen Gu)**
谷爱凌



图片来源：新华社

ဖေဖော်ဝါရီလ ၈ ရက်နေ့ နံနက်ပိုင်းတွင် အသက် ၁၈ နှစ်အရွယ် တရုတ်နိုင်ငံ လက်ရွေးစင် ဂူအိုင်လင် (Eileen Gu) သည် အမျိုးသမီး အလွတ်နှင်းလျှောစီး(Women's Big Air Freestyle Skiing)ဖိုင်နယ် ပြိုင်ပွဲတွင် နောက်ဆုံးခုန်ချရာမှာ ရမှတ် ၉၄.၅၀ ဖြင့် ရွှေတံဆိပ် ဆွတ်ခူး ရရှိခဲ့ပါသည်။ အဆိုပါရွှေတံဆိပ်မှာ ပေကျင်းဆောင်းရာသီအိုလံပစ် ပြိုင်ပွဲ၏ နှင်းခဲပြင်အားကစားနည်းတွင် တရုတ်အသင်းမှ ဆွတ်ခူးရရှိ သည့် ပထမဆုံး ရွှေတံဆိပ် ဖြစ်ပေသည်။

သို့သော်လည်း အဆိုပါရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသည်မှာ မလွယ်ကူခဲ့ပေ။ ဂူအိုင်လင် ပါဝင်ယှဉ်ပြိုင်သော အားကစားနည်း ၃ မျိုး တွင် ယင်းအားကစားနည်းမှာမူ သူမ အားနည်းသော အားကစားနည်း တစ်မျိုး ဖြစ်သည်။ ယင်းအားကစားနည်း၏ သတ်မှတ်ထားသော စည်းမျဉ်းများအရ ပြိုင်ပွဲဝင်များသည် ၃ ခေါက် ခုန်ချမှုအပြီး ၂ ခေါက်

ခုန်ချရာတွင် အမြင့်ဆုံးရမှတ်ကို ပေါင်းထည့်ကာ စုစုပေါင်းရမှတ်အနေနှင့် နောက်ဆုံးရမှတ်ကို တွက်ချက်ခြင်းဖြစ်ပါသည်။ အဆိုပါဖိုင်နယ်ပြိုင်ပွဲတွင် ပထမအခေါက် ခုန်ရာတွင် ဂူအိုင်လင်သည် ထူးမြောက်စွာပြုလုပ်နိုင်ခဲ့သော်လည်း ပြိုင်ဖက်က လျင်မြန်စွာ ကျော်တက်သွားပါသည်။ နောက်ဆုံးခုန်ရာတွင် ဘယ်ဘက်သို့ ၁၆၂၀ ဒီဂရီ ကိုယ်ခန္ဓာလှည့်ရန် ဂူအိုင်လင် ရွေးချယ်ခဲ့ပါသည်။ ယင်းယှဉ်ပြိုင်မှုအပြုအမူမှာမူ ယခင်ကပြိုင်ပွဲတွင် သူမက တစ်ခါမှ မရွေးချယ်ခဲ့သော ယှဉ်ပြိုင်မှုအပြုအမူ ဖြစ်ပေသည်။ သူမသည် လုပ်နိုင်ခဲ့ကာ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ စင်မြင့်ပေါ်၌ နှစ်ပေါင်းများစွာ၏ အိပ်မက်ကို ဖြစ်မြောက်ခဲ့ပါသည်။

ဂူအိုင်လင်မှာ တရုတ်–အမေရိကန် ကပြားတစ်ဦးဖြစ်ပြီး အသက် ၃ နှစ်အရွယ်တွင် နှင်းလျှောစီးခြင်း စတင်ခြင်း၊ ပေကျင်းဒေသိယစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ခြင်း၊ အသက် ၁၆ နှစ်အရွယ်တွင် ရမှတ် ၁၅၈၀ ဖြင့် စတန်းဖို့ဒ်တက္ကသိုလ်ကို အောင်မြင်စွာ ဝင်ရောက်စာသင်ခြင်း စသည့်သင်္ကေတအမှတ်အသားများဖြင့် လူတို့က သူမကို သိရှိကြသည်။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ မကျင်းပမီ သူမသည် အမည်ကျော်ကြားသော စာနယ်ဇင်းများ၏ မျက်နှာဖုံးတွင် အကြိမ်ပေါင်းများစွာ ဖော်ပြခံရကာ အများ၏ အာရုံစိုက်ခြင်းကို ခံခဲ့ရသည်။

လက်တွေ့ဘဝတွင် ဂူအိုင်လင်သည် ခင်မင်ပျူငှာတတ်သော မိန်းကလေးနှင့် ပို၍ တူပါသည်။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ တရုတ်အားကစားသမားများ ဝင်ရောက်လာစဉ်တွင် သူမသည် စိတ်အရမ်းလှုပ်ရှားသည့်အတွက် နိုင်ငံတော်အလံကိုင်ဆောင်သူအား ကျော်တက်သွားလုနီးပါး ဖြစ်ခဲ့ပါသည်။ သူမသည် ကွင်းပြင်ရှိ စေတနာ့ဝန်ထမ်းများနှင့်အတူ လက်ခုပ်တီးနေသော မြင်ကွင်းကို ကင်မရာမှ ဖမ်းယူရိုက်ကူးခဲ့ပါသေးသည်။ ဤကဲ့သို့သော အသက် ၁၈ နှစ်အရွယ် ထက်မြက်သည့် မိန်းကလေးသည် ပြိုင်ပွဲ၌ ယှဉ်ပြိုင်ရာတွင် ပရော်ဖက်ရှင်နယ် အားကစားသမားတစ်ဦးအနေနှင့် သူမ ပိုင်ဆိုင်သော စွမ်းရည်နှင့်အရည်အချင်းကို လူများအား တွေ့မြင်စေခဲ့ပါသည်။

မည်သူမျှ မွေးဖွားလာသည်နှင့် ပြီးပြီးပြက်ပြက် ဖြစ်သည် မဟုတ်



ပေ။ ဂူအိုင်လင် ပရော်ဖက်ရှင်နယ်အားကစားသမားတစ်ဦးအနေနှင့် ဆွတ်ခူးရရှိသော အောင်သီးအောင်နှံများမှာ သူမ ပြင်းပြင်းထန်ထန် တစိုက်မတ်မတ် လေ့ကျင့်မှုနှင့် ခွဲခြား၍ မရပေ။ သို့ဖြစ်၍ မိမိညာလက်အရွတ် စုတ်ပြဲခြင်း၊ ညှပ်ရိုးကျိုးသွားခြင်း၊ ခြေဖဝါးအရိုးကြေခြင်းနှင့် ဦးနှောက်ထိခိုက်မိခြင်း (Concussion) ကြောင့် ထိတ်ထိတ်ပျာပျာဖြစ်ပြီး သတိမေ့ခြင်း စသည်တို့ကို သူမသည် ကင်မရာရှေ့၌ ပြောပြခဲ့သည်။ ၎င်းတို့မှာ ဂူအိုင်လင် ချစ်မြတ်နိုးသော ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုနှင့် ပုံသန်းမှုများထဲတွင် အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

ကင်မရာရှေ့၌ ဂူအိုင်လင်က အများဆုံးပြောပြသည့်အရာမှာ မိမိ၏ ပန်းတိုင်ကြီး ဖြစ်ပေသည်။ “အစကတည်းက ကျွန်မမှာ ပန်းတိုင်ကြီး တစ်ခုရှိတယ်။ ဒီပန်းတိုင်ကြီးဆိုတာဟာ ရေခဲနဲ့ဆီးနှင်းအားကစားလှုပ်ရှားမှုကို ပိုမိုများပြားလာတဲ့လူတွေ ထိတွေ့စေနိုင်ဖို့ ဖြစ်ပါတယ်။ လူတိုင်းဟာ ကျွန်မနဲ့အတူ နှင်းလျှောစီးတာရဲ့ ပျော်ရွှင်မှုကို အတူတူ ခံစားနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်” ဟု သူမက ပြောပါသည်။ “လက်ရှိအချိန်မှာ တရုတ်နိုင်ငံမှာ သန်း ၃၀၀ ရှိတဲ့ ပြည်သူပြည်သားတွေဟာ ရေခဲနဲ့ဆီးနှင်းအားကစားလှုပ်ရှားမှုမှာ ပါဝင်ပြုလုပ်လာကြပါတယ်။” ပိုမိုများပြားလာသော ပြည်သူပြည်သားများသည် သူမနှင့်အတူ ချစ်မြတ်နိုးသော အိပ်မက်ကို လိုက်ရှာကာ အကောင်အထည်ဖော်ဆောင်နိုင်ကြရန် ဂူအိုင်လင်က အဆက်မပြတ် မျှော်လင့်လျက်ရှိပါသည်။



CFP 图

Claudia Pechstein
克劳迪娅 · 佩希施泰因

အမျိုးသမီး မီတာ ၃၀၀၀ အရှိန်ပြင်းရေခဲပြင်စကိတ်စီးခြင်း ယှဉ်ပြိုင်မှုတွင် အသက် ၄၉ နှစ်အရွယ် ဂျာမနီနိုင်ငံမှ လက်ရွေးစင် Claudia Pechstein သည် ရှေ့သို့ လျှောဆင်းရန် ရုန်းကန်ခဲ့သည်။ နောက်ဆုံးရလဒ်မှာ ပြိုင်ပွဲဝင် ၂၀ ဦး၏ နောက်ဆုံးနေရာတွင် ရပ်တည်ခဲ့သော်လည်း သူမသည် ပရိသတ်များ၏ လက်ခုပ်ဩဘာပေးမှုများစွာ ရရှိခဲ့ပါသည်။ ပန်းတိုင်စည်းကြောင်းကို လျှောစီးကာ ဖြတ်ကျော်စဉ်တွင် Claudia သည် စိတ်မပျက်ဘဲ အောင်နိုင်သူတစ်ဦးကဲ့သို့ လက်နှစ်ဖက်ကို မြှောက်ကာ မိမိပိုင်ဆိုင်သော "ပထမ" ကို ကြိုဆိုခဲ့ပါသည်။

ရလဒ်အမှတ်မှာ နောက်ဆုံးနေရာတွင် တည်ရှိနေသော်လည်း "ပထမ" ရရှိ အောင်မြင်သူအနေနှင့် အသိအမှတ်ပြုခံခဲ့ရပါသည်။ အသက် ၄၉ နှစ်အရွယ် Claudia သည် သမိုင်းတွင် အသက်အရွယ်အကြီးဆုံးသော ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးလက်ရွေးစင်ဖြစ်လာသည်။ သမိုင်းတွင် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ၈ ကြိမ်ဖြင့် အများဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးအားကစားသမား ဖြစ်လာသည်။ ပြီးခဲ့သော ၇ ကြိမ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် သူမသည် ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၂ ခုနှင့် ကြေးတံဆိပ် ၂ ခု စုစုပေါင်း ဆွတ်ခူးရရှိခဲ့ပါသည်။

သူမ၏ ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုကြောင့် Claudia သည်

ခါးကိုင်းရင်းနှင့် ဒူးကို လက်ဖြင့် ထောက်ကာ မောဟိုက်နေပါသည်။ သို့သော် ပွဲကြည့်စင်ကို လျှောစီးကာ ဖြတ်ကျော်ရာတွင်မူ သူမသည် ခန္ဓာကိုယ်ကို မြှင့်တင်ထားပြီး ပရိသတ်များအား နှလုံးသားပုံသင်္ကေတန်ကို လက်ဖြင့် ပြသခဲ့ပါသည်။ နောက်ထပ် မီတာ ၂၀၀ အကွာကို စကိတ်စီးပြီးနောက် သူမက ရပ်လိုက်ပြီး ယှဉ်ပြိုင်မှုလမ်းကြောင်းအစွန်းတွင် ထိုင်ကာ နည်းပြဆရာနှင့် အချိန်ကြာမြင့်စွာ ပွေ့ဖက်ခဲ့ပါသည်။

“ကျွန်မဟာ ပန်းတိုင်ကို ပြုံးရင်းနဲ့ လျှောစီးဖြတ်ခဲ့တာပါ။” Claudia ၏ အသံမှာ အနည်းငယ်ပင် တုန်ရီသွားပါသည်။ “ကျွန်မကိုယ်ရဲ့ရည်မှန်းချက်ကို ဖြစ်မြောက်ခဲ့ပါတယ်။ ဒါဟာ ကျွန်မ အဌမအကြိမ်မြောက် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့တာပါ” ဟု သူမက ပြောပါသည်။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဂျာမနီနိုင်ငံကိုယ်စားလှယ်အဖွဲ့၏ အလံကိုင်ဆောင်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည့်အတွက် သူမ၏ဘဝတွင် ထင်ရှားတောက်ပသော အခိုက်အတန့်ဖြစ်သည်ဟု Claudia က ဆိုပါသည်။ “ဒီနေ့ ကျွန်မရဲ့ ရမှတ်တွေဟာ အရေးမကြီးတော့ပါဘူး။ အရေးကြီးတဲ့အချက်ဟာ ကျွန်မ ဒီနေရာကို ရောက်ရှိပြီး ပန်းတိုင်စည်းကြောင်းကို လျှောစီးဖြတ်နိုင်ခဲ့တာမို့ ကျွန်မ အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဂုဏ်ယူမိပါတယ်” ဟု သူမက ဆက်လက်ပြောပါသည်။

“လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်ကတည်းက ခင်ဗျားက ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို စတင်ပါဝင်ယှဉ်ပြိုင်ခဲ့တာလား”ဟု နယ်သာလန်နိုင်ငံမှ သတင်းထောက်တစ်ဦးက Claudia အား မေးမြန်းခဲ့ပါသည်။

“မဟုတ်ပါဘူး၊ နှစ် ၃၀ ရှိပါပြီ” ဟု Claudia က အလွန်ဂုဏ်ယူစွာ ဖြေဆိုခဲ့ပါသည်။ “ ဒီအခေါက် အိုလံပစ်ပြိုင်ပွဲခရီးစဉ်ဟာ အရင်တုန်းက ကျင်းပတဲ့ပြိုင်ပွဲထက် ပိုပြီးထူးခြားပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်မှာ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ကျင်းပရတာ အရမ်းခက်ခဲပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံဟာ လုပ်နိုင်ခဲ့ပါတယ်။ ကျွန်မ ပေကျင်းကို ရည်မှန်းထားတဲ့အတိုင်း ရောက်လာပါတယ်။ အရမ်းကျေးဇူးတင်ပါတယ်။ ဒီအခိုက်အတန့်ဟာ ကျွန်မက သမိုင်းကို ဖန်တီးခဲ့တဲ့အချိန်ပါပဲ” ဟု သူမက ပြောဆိုပါသည်။

စံချိန်ဆိုသည်မှာ ချိုးဖြတ်ရန် ဖြစ်ပါသည်။ သို့သော် Claudia ဖန်တီးလိုက်သော ဤ “ပထမ”မှာမူ မှတ်တမ်းစာအုပ်ထဲတွင် အချိန်ကြာမြင့်စွာ ထိန်းသိမ်းထားနိုင်ပေမည်။

## ဆိုရှယ်မီဒီယာမှတစ်ဆင့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအား အာရုံစိုက်ကြည့်ရှုခြင်း
## 社交媒体看冬奥

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ကျင်းပသည့် ကာလအတွင်းတွင် တရုတ်နိုင်ငံသို့ လာရောက်ကာ ပါဝင်ယှဉ်ပြိုင်သော နိုင်ငံခြားအားကစားသမားများနှင့် ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်များသည် “ပေကျင်းမှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါ၏”ဟူသော ပြည့်ဝစုံလင်သော ပြင်ဆင်မှုနှင့် စိတ်ရင်းမှန်နှင့် ပြည့်နှက်နေသော ပျူငှာမှုကို အပြည့်အဝ ခံစားမိခဲ့ကြပါသည်။ ယှဉ်ပြိုင်မှုနှင့် လေ့ကျင့်မှုအပြင် အားကစားသမားများစွာသည် အင်တာနက်ဆိုရှယ်မီဒီယာပလက်ဖောင်းတွင် ပြိုင်ပွဲကွင်းအတွင်းအပြင်က မိမိတို့၏ အတွေ့အကြုံများနှင့် ခံစားမှုများကို မျှဝေခဲ့ကြပါသည်။

အမေရိကန်နိုင်ငံမှ အားကစားသမား Summer Britcher သည် အိုလံပစ်ကျေးရွာရှိ အဆင့်မြင့်နည်းပညာခုတင်အကြောင်း မျှဝေပေးခဲ့ပါသည်။ နယ်သာလန်နိုင်ငံမှ အရှိန်ပြင်းရေခဲပြင်စကိတ်စီးလက်ရွေးစင် Jutta Leerdam သည် တရုတ်မာလာဟင်းအား ကြိုက်နှစ်သက်လာပါသည်။ သူမ တင်ဆက်ဖော်ပြသော “ဆောင်းရာသီအိုလံပစ်ကျေးရွာခရီးစဉ်” ဟူသော Vlog မှာ like ၂ သိန်းကျော် ရရှိခဲ့ပါသည်။ အားကစားသမားများသည် အိုလံပစ်ကျေးရွာတွင် ထိုက်ကျိသိုင်းနှင့် စုတ်တံရေးနည်းကို လေ့လာသင်ယူခဲ့သည်။ နွေးထွေးမှုနှင့် စိတ်ဝင်စားဖွယ်များနှင့် ပြည့်လျှံနေသော ဆောင်းရာသီအိုလံပစ်ခရီးစဉ်မှာ ပရိသတ်အများအပြားအား ဆွဲဆောင်နိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့ အတူတူ ကြည့်ရှုလိုက်ရအောင်။

ဗီဒီယိုကို ကြည့်ရှုရန် QR ကုဒ်ကို စကင်ဖတ်ပါ။
扫码观看精彩视频

# အစိမ်းရောင်အိုလံပစ်ပြိုင်ပွဲကို ကျင်းပခြင်းသည် ကတိကဝတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်၏

# 绿色办奥，是承诺更是行动

2008 年，中国北京市曾承办过夏季奥林匹克运动会，此次承办冬季奥林匹克运动会，当地一共利用了 6 个北京 2008 年奥运会竞赛和非竞赛场馆。最典型的就是，北京国家游泳中心“变身”为冬奥会冰壶和冬残奥会轮椅冰壶比赛场馆。

在施工建设中，采用可转换的钢架支撑系统和可拆装的制冰系统，把过去的泳池和泳道变身为 4 条专业的冰壶比赛场地。这种转换模式大幅降低了后期拆除改造的成本，也减少了新建场馆产生的碳排放。




ပေကျင်းအမျိုးသားရေကူးစင်တာ“ရေခဲကုဗ”တွင် ၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ အမျိုးသမီး ရေခဲပြင်ဒိုးပစ်အားကစားပြိုင်ပွဲ ကျင်းပနေစဉ်။

北京国家游泳中心“冰立方”举行的北京 2022 年冬奥会女子冰壶循环赛 新华社 图




အစိမ်းရောင်အိုလံပစ်ပြိုင်ပွဲကို ကျင်းပခြင်းသည် တရုတ်နိုင်ငံက နိုင်ငံတကာအသိုင်းအဝိုင်းအတွက် ခိုင်မာသော ကတိကဝတ်ဖြစ်သည်။ ၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ပြင်ဆင်မှုမှစ၍ တရုတ်နိုင်ငံသည် ကာဗွန်နည်းသော ပြိုင်ပွဲကွင်းများ၊ ကာဗွန်နည်းသော စွမ်းအင်များ၊ ကာဗွန်နည်းသော လမ်းပန်းဆက်သွယ်ရေးများ၊ ဂေဟစနစ်ကာကွယ်ရေးစသည့် အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ကာဗွန်ထုတ်လွှတ်မှုကို အတတ်နိုင်ဆုံးလျှော့ချပြီး ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ ကာဗွန်ကြားနေရေးပန်းတိုင်ကို ရောက်အောင် ကြိုးပမ်းနေပါသည်။

၂၀၀၈ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့တွင် နွေရာသီအိုလံပစ်ပြိုင်ပွဲကို ကျင်းပခဲ့သည်။ ယခုအကြိမ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ကျင်းပရန်အတွက် ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ၏ ပြိုင်ပွဲကွင်းနှင့် ပြိုင်ပွဲကွင်း မဟုတ်သော နေရာများ စုစုပေါင်း ၆ ခုကို အသုံးပြုခဲ့သည်။ အများစုမှာ တရုတ်အမျိုးသားရေကူးစင်တာကို ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် ရေခဲပြင်ဒိုးပစ်အားကစားကွင်းနှင့် ဘီးတပ်ကုလားထိုင် ရေခဲပြင်ဒိုးပစ်အားကစားကွင်းများအဖြစ် ပြောင်းလဲခဲ့သည်။

ဆောက်လုပ်နေစဉ် ပြောင်းလဲနိုင်သော သံမဏိဘောင် ပံ့ပိုးမှုစနစ်နှင့် ဖြုတ်တပ်နိုင်သော ရေခဲပြုလုပ်ခြင်းစနစ်ကို အသုံးပြုပြီး ယခင်က ရေကူးကန်နှင့်ရေကူးလမ်းကို ပရော်ဖက်ရှင်နယ် ရေခဲပြင်ဒိုးပစ်အားကစားကွင်း ၄ ခု အဖြစ် ပြောင်းလဲခဲ့ပါသည်။ ဤပြောင်းလဲခြင်းပုံစံသည် နောက်ပိုင်းတွင် ဖြုတ်တပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း ကုန်ကျစရိတ်ကို များစွာ လျှော့ချပေးသည့်အပြင် ပြိုင်ပွဲကွင်းအသစ်များ၏ ကာဗွန်ထုတ်လွှတ်မှုကိုလည်း လျှော့ချနိုင်ခဲ့ပါသည်။

ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲပြီးနောက် တရုတ်အမျိုးသား ရေကူးစင်တာသည် “ရေနှင့် ရေခဲ အချင်းချင်းပြောင်းလဲခြင်း” လုပ်ဆောင်ချက်ကို ဆက်လက် ထိန်းသိမ်းထားမည် ဖြစ်သည်။ နွေရာသီတွင် ရေအားကစားအတွက် ပြုလုပ်ရန်နှင့် ဆောင်းရာသီတွင် ရေခဲကွင်းများ ဖြစ်သွား၍ လူကြိုက်များသော ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုများ ခံစားနိုင်သော အခြေစိုက်စခန်း ဖြစ်လာမည် ဖြစ်သည်။




ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ "စိမ်းလန်းခြင်း"သည် ပြိုင်ပွဲကျင်းပရာ နေရာများတွင် ရှိရုံသာမက အစိမ်းရောင် လမ်းပန်းဆက်သွယ်ရေးသည်လည်း အစိမ်းရောင် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ထောက်ပံ့ပေးသည်။

ဥပမာဆိုရလျှင် အသုံးပြုသော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုယာဉ်များတွင် ဟိုက်ဒရိုဂျင်လောင်စာသုံးယာဉ်များ၊ လျှပ်စစ်ဓာတ်အားသုံးယာဉ်များ၊ သဘာဝဓာတ်ငွေ့သုံးယာဉ်များ၊ ဟိုက်ဘရစ်ယာဉ်များနှင့် ရိုးရာစွမ်းအင်သုံးယာဉ်များ ပါဝင်ပါသည်။ ၎င်းတို့အနက် စွမ်းအင်ချွေတာရေးနှင့် သန့်ရှင်းသော စွမ်းအင်သုံးယာဉ်များသည် အသေးစားခရီးသည်တင်ကားများအတွင်း ၁၀၀% ပါဝင်ခြင်းဖြစ်ရာ ဟိုက်ဒရိုဂျင်လောင်စာသုံးယာဉ်သည် ပြိုင်ပွဲဝန်ဆောင်မှုအတွက် အဓိကအသုံးပြုကာ မောင်းနှင်သော ယာဉ်များဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပေကျင်းမြို့၏ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကျင်းပရာနေရာအားလုံးတွင် မြေအောက်ရထားလိုင်းများ အပြည့်အဝ လွှမ်းခြုံနိုင်ခဲ့သည်။ ပေကျင်းမှ ကျန်းကြားခုတ်အထိ မြန်နှုန်းမြင့်ရထားလမ်းကို ဖူရှင်း စမတ်လျှပ်စစ်ရထားတွဲများစွာ (Fuxing intelligent EMU)မှ လျှပ်စစ်ဖြင့် မောင်းနှင်၍ စွမ်းအင်သုံးစွဲမှု နည်းပါးခြင်း၊ ဆူညံသံနည်းပါးခြင်း၊ သက်တောင့်သက်သာ စီးနင်းနိုင်သည့် အတွေ့အကြုံနှင့် လူပေါင်း ၁၀၀၀ ကျော် အများဆုံး ဆံ့နိုင်ပါသည်။ ပြိုင်ပွဲကာလအတွင်း လူများသည် မြေအောက်ရထားများ၊ မြန်နှုန်းမြင့်ရထားများနှင့် ဘတ်စ်ကားများစသည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များမှတစ်ဆင့် ပြိုင်ပွဲကျင်းပရာနေရာများသို့ လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်ပါသည်။

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ကျင်းပသည်မှာ ဂေဟဗေဒကာကွယ်စောင့်ရှောက်ရေးကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်၏။

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ ရန်ချင့်ပြိုင်ပွဲဇုန်၌ ပြိုင်ပွဲကွင်း မဆောက်လုပ်မီ ပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်ခြင်းကို ပြုလုပ်ခဲ့သည်။ အဓိကကာကွယ်ထားသော အပင်များ၏ ကြီးထွားမှုအခြေအနေ




အရ ဆောက်လုပ်ရေးကြောင့် အနှောင့်အယှက်နည်းပါးသော အပင်များအတွက် မူရင်းဒေသတွင် ထိန်းသိမ်းကာကွယ်ခြင်း၊ ဆောက်လုပ်ရာတွင် ရှောင်လွှဲမရနိုင်သော အပင်များအတွက် နေရာအနီး သို့မဟုတ် နေရာပြောင်း၍ ထိန်းသိမ်းကာကွယ်ပေးရသည်။ ဤအပင်များသည် “နေရာရွှေ့ပြောင်း”သော်လည်း ဥယျာဉ်စီမံရေးဌာနများမှ ဂရုတစိုက်ထိန်းသိမ်းပြီးနောက် ၎င်းတို့သည် ကောင်းမွန်စွာ ရှင်သန်ကြီးထွားဆဲဖြစ်သည်။

ထို့အပြင် ဆောက်လုပ်ရေးဝန်ထမ်းများသည် ရန်ချင့်ပြိုင်ပွဲဇုန်၏ အပေါ်ယံမြေဆီလွှာ (အပြင်ဘက်ဆုံး မြေဆီလွှာ)ကို ဖယ်ထုတ်ခြင်းဖြင့် ဂေဟစနစ်ကို ထိရောက်စွာ ပြန်လည်ပြုပြင်ပေးခဲ့သည်။ တောင်ပေါ်မြေဆီလွှာသည် အဖိုးတန်သော သဘာဝအရင်းအမြစ်တစ်ခု ဖြစ်၍ မျိုးစေ့ဘဏ်များ ပေါများကြွယ်ဝသည်။ ရန်ချင့်ပြိုင်ပွဲဇုန်သည် အားကစားကွင်း မတည်ဆောက်မီ အပေါ်ယံမြေဆီလွှာ ထုတ်ယူခြင်းနှင့် စုဆောင်းခြင်းလုပ်ငန်းကို တစ်နှစ်ကြာ ဆောင်ရွက်ခဲ့သည်။ အပေါ်ယံမြေဆီလွှာ မပျက်စီးစေရန်အတွက် ဖယ်ထုတ်ခြင်းလုပ်ငန်းအများစုကို လူ့အင်အားဖြင့် ဆောင်ရွက်ခဲ့သည်။ ရန်ချင့်ပြိုင်ပွဲဇုန်အတွင်း ဂေဟစနစ် ပြန်လည်ထူထောင်ရေးနှင့် ရှုခင်း ပြန်လည်ဖန်တီးတည်ဆောက်ခြင်း စသည့်လုပ်ငန်းများမှာ အပေါ်ယံမြေဆီလွှာ ကုဗမီတာ စုစုပေါင်း ၈၁၀၀၀ ကို ဖယ်ထုတ်လိုက်ပြီ ဖြစ်သည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

ပုံ ၁။ ပေကျင်းအမျိုးသားရေကူးစင်တာ“ရေခဲကုဗ”ကို တွေ့ရစဉ်။
图① 北京国家游泳中心“冰立方” 新华社 图

ပုံ ၂။ ပေကျင်း–ကျန်းကြားခုတ် မြန်နှုန်းမြင့်ရထားလမ်းပိုင်းရှိ ဆောင်းရာသီအိုလံပစ်ရထားကို တွေ့ရစဉ်။
图② 京张高铁冬奥列车 CFP 图

ဆောင်းရာသီအိုလံပစ်အများဆုံးရှာဖွေတွေ့ရှိမှုများ

# 冬奥热搜

"သေးငယ်သော မီးတောက်" မီးရှူးတိုင်

"微火" 火炬




①②




③

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နောက်ဆုံး မီးရှူးသမားသည် မီးရှူးတိုင်ကို ကိုင်ပြီး ပင်မမီးရှူးတိုင်၏ အလယ်ဗဟိုသို့ ထည့်လိုက်သောအခါ ယခင်ပြိုင်ပွဲကဲ့သို့ တောက်လောင်သော မီးတောက် မဟုတ်တော့ဘဲ သေးငယ်တောက်ပသော မီးတောက် ဖြစ်ပေါ်လာပါသည်။

ထိုသို့သော ပြောင်းလဲမှုကို လူတို့ ချက်ချင်းသတိပြုမိခဲ့ပြီး လူတိုင်းသည် ယင်းနောက်ကွယ်ရည်ရွယ်ချက်ကို စတင်ခန့်မှန်းထားကြသည်။ “တောက်လောင်တဲ့ အိုလံပစ်မီးတောက်ကို နှင်းပွင့်တွေလို သန့်ရှင်းပြီး ချစ်စရာကောင်းတဲ့ မီးတောက်လေးအဖြစ်သို့ အသွင်ပြောင်းထားတဲ့ စိတ်ကူးယဉ်သည် ကာဗွန်နည်းပါးတဲ့ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး အယူအဆမှ ထွက်ပေါ်လာပါတယ်”ဟု ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား အထွေထွေဒါရိုက်တာ ကျန်းရိမော်က ပြောခဲ့သည်။

အစိမ်းရောင်ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ သဘာဝတရားကို တုံ့ပြန်သည့်အနေဖြင့် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ မီးရှူးတိုင်အားလုံးသည် ဟိုက်ဒရိုဂျင်ကို လောင်စာအဖြစ် အသုံးပြုကြောင်း သိရပါသည်။ ၂၀၂၀ ပြည့်နှစ် နွေရာသီအိုလံပစ်ပြိုင်ပွဲတွင် ဂျပန်နိုင်ငံသည် ဟိုက်ဒရိုဂျင်ကို လောင်စာအဖြစ် ပထမဆုံး အသုံးပြုခဲ့သော်လည်း တိုကျိုနွေရာသီအိုလံပစ်ပြိုင်ပွဲ၏မီးရှူးတိုင်နှင့် မတူဘဲ တရုတ်နိုင်ငံသည် ပထမဆုံးအကြိမ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ မီးရှူးတိုင်မှ ကာဗွန်ထုတ်လွှတ်မှု လုံးဝမရှိစေရန်အတွက် ဖိအားမြင့် ဟိုက်ဒရိုဂျင်သိုလှောင် မီးရှူးတိုင်ကို အသုံးပြုခဲ့သည်။

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အကောင်းဆုံးနှင့် အမျှတဆုံး ရေခဲများ

## 最环保、公平的冰

ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုများတွင် ရေခဲသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

နိုင်ငံတကာအိုလံပစ်ကော်မတီ၏ ရေခဲထုတ်လုပ်ရေး အင်ဂျင်နီယာအကြံပေးသူ Arthur Gilbert Sutherland သည် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွက် အထူးခန့်အပ်ထားသော ကျွမ်းကျင်ပညာရှင်တစ်ဦး ဖြစ်၍ ရေခဲထုတ်လုပ်ခြင်းတွင် အနှစ် ၄၀ ကျော်ကြာ ပါဝင်လုပ်ကိုင်ခဲ့သည်။ ၈ ကြိမ် ကျင်းပသည့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲများတွင် ရေခဲထုတ်လုပ်ခြင်း အတွေ့အကြုံများ ရှိပြီး ရေခဲပြင်ဟော်ကီ၊ ရေခဲပြင်ဒိုးပစ်အားကစားခြင်း၊ အလှပြရေခဲပြင်စကိတ်စီးခြင်း၊ အရှိန်ပြင်းရေခဲပြင်စကိတ်စီးခြင်း စသောပြိုင်ပွဲများအတွက် ရေခဲထုတ်လုပ်ခဲ့ပါသည်။

Arthur Gilbert Sutherland သည် မိမိ၏ လုပ်ငန်းအတွေ့အကြုံကို မိတ်ဆက်သောအခါမှာ ငယ်စဉ်က ရေခဲထုတ်လုပ်ရာတွင် အသုံးပြုသည့် အအေးခံတပ်စ္စည်းများသည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည်ကို မသိခဲ့ကြောင်း ရိုးရိုးသားသား ပြောခဲ့သည်။ ထို့နောက် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် ရိုးရာအအေးခံတပ်စ္စည်းများကို များစွာ အသုံးပြုပါက ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်စေ၍ အိုဇုန်းလွှာကို ဖျက်စီးတတ်သည်ကို သိလာပါသည်။ ထို့ကြောင့် လုပ်ငန်းသည် ရိုးရာ



ပုံ ၁။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှ မီးရှူးတိုင်ကို တွေ့ရစဉ်။
图① 北京冬奥会火炬 新华社 图

ပုံ ၂။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှ ပင်မမီးရှူးတိုင်ကို တွေ့ရစဉ်။
图② 北京冬奥会主火炬 新华社 图

ပုံ ၃။ အမျိုးသားအားကစားကွင်းအပြင်ဘက်ရှိ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ မီးရှူးတိုင်စင်ကို တွေ့ရစဉ်။
图③ 位于国家体育场外的北京冬奥会火炬台 新华社 图

ပုံ ၄။ ကနေဒါမှ ရောက်ရှိလာသော ရေခဲထုတ်လုပ်ရေးကျွမ်းကျင်သူ အူစီလီချီ(ညာဘက်)သည် အဖွဲ့ဝင်များအတွက် ပေကျင်းအမျိုးသားရေကူးစင်တာ“ရေခဲကုဗ”တွင် ရေခဲထုတ်လုပ်ရေးစက် အသုံးပြုနည်း သင်ပြနေစဉ်။
图④ 来自加拿大的制冰师乌斯里奇（右）在“冰立方”指导团队成员使用制冰设备 新华社 图





အအေးခေတ်ပစ္စည်းများကို ကန့်သတ်ရန် စည်းမျဉ်းစည်းကမ်းများကို စတင်ရေးဆွဲခဲ့ပြီး ရေခဲထုတ်လုပ်နည်းအသစ်များကို စတင်စမ်းသပ်ခဲ့သည်။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ် အအေးခေတ်ပစ္စည်းများကို ရွေးချယ်သောအကြောင်း သိရသောအခါ " ဒီဟာ ကြီးကျယ်တဲ့ ဆုံးဖြတ်ချက်တစ်ခုပါပဲ" ဟု Sutherland က ဆက်ပြောသည်။

Sutherland သည် အဆိုပါအအေးခေတ်ပစ္စည်း နှစ်မျိုး၏ခြားနားချက်ကို မိတ်ဆက်ဖော်ပြသည်မှာ ကာဗွန်ဒိုင်အောက်ဆိုဒ် အအေးခေတ်ပစ္စည်းများသည် အိုဇုန်းလွှာကို ပျက်စီးနိုင်သော စွမ်းရည်ပမာဏမှာ သုည ဖြစ်၍ ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပေါ်စေသည့် စွမ်းရည်ပမာဏမှာ ၁ ဖြစ်ပါသည်။ ပမာဏတူညီသော ရိုးရာအအေးခေတ်ပစ္စည်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် အအေးခေတ်ပစ္စည်းများကို အသုံးပြုသောအခါ ရိုးရာအအေးခေတ်ပစ္စည်းများ၏ ကာဗွန်ထုတ်လွှတ်မှုသည် ကာဗွန်ဒိုင်အောက်ဆိုဒ် အအေးခေတ်ပစ္စည်း၏ အဆ ၃၈၀၀ ကျော် ဖြစ်သည်။ ထို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် အအေးခေတ်ပစ္စည်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းလမ်းကောင်းထဲမှ တစ်ခု ဖြစ်သည်။

ရိုးရာအအေးခေတ်ပစ္စည်းနှင့် မတူညီဘဲ ကာဗွန်ဒိုင်အောက်ဆိုဒ် အအေးခေတ်ပစ္စည်းများသည် အဆိပ်မရှိ၊ ညစ်ညမ်းမှုမရှိသည့်အပြင် အပူသို့ ပြောင်းလဲရန်အတွက် အလွန် ထိရောက်သည်ဟု Sutherland က ပြောခဲ့သည်။ "ရေခဲထုတ်လုပ်သူတို့ စိတ်ကျေနပ်မှု အရှိဆုံးအရာမှာ ကာဗွန်ဒိုင်အောက်ဆိုဒ် အအေးခေတ်ပစ္စည်းက ရေခဲမျက်နှာပြင် တစ်ခုလုံး ပျမ်းမျှတဲ့ အပူချိန်ကို အလွန်သေချာစေပြီး ရိုးရာအအေးခေတ်ပစ္စည်းနှင့် မဖြစ်နိုင်ပါဘူး။ ၎င်းက ရေခဲထုတ်လုပ်သူတို့ အပူချိန်ထိန်းဖို့အတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါတယ်။ ထို့အပြင် အဆိုပါနည်းပညာက စကိတ်စီးအားကစားသမားတွေ အကြိမ်ဘယ်လောက်စီးသည်ဖြစ်စေ ရေခဲက တူညီတဲ့၊ ကောင်းမွန်တဲ့ အရည်အသွေးဖြစ်စေကြောင်း အာမခံနိုင်တဲ့အတွက် ပြိုင်ပွဲကို ပိုမို တရားမျှတစေပါတယ်"ဟု Sutherland က ပြောခဲ့သည်။

ပုံ ၁။ ရေခဲထုတ်လုပ်ရေးကျွမ်းကျင်သူက ရန်ချင့်ပြိုင်ပွဲဇုန်ရှိ အမျိုးသားရေခဲပြင်သုံးယာဉ်နှင့် ရေခဲပြင်သုံးစွပ်ဖားစင်တာမှ ပြိုင်ပွဲလမ်းကြောင်းတွင် အလုပ်လုပ်နေသည်ကို တွေ့ရစဉ်။

图① 制冰师在延庆赛区国家雪车雪橇中心赛道上进行施工作业 新华社 图

ပုံ ၂။ ပေကျင်းအီလက်ထရွန်နစ်နည်းပညာအသက်မွေးဝမ်းကျောင်းမှ ကျောင်းသားကျောင်းသူများက အမျိုးသားအရှိန်ပြင်းရေခဲပြင်စကိတ်စီးပြိုင်ပွဲကွင်းမှ ရေခဲထုတ်လုပ်ရေးကျွမ်းကျင်သူ (ဘယ်ပုံ ၁)၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရေခဲထုတ်လုပ်ပုံထုတ်လုပ်နည်းကို လေ့လာသင်ယူနေစဉ်။

图② 来自北京电子科技职业学院的学生在国家速滑馆制冰师（左一）的带领下学习制冰 新华社 图

ပုံ ၃။ ဆောင်းရာသီကာဗွန်နိမ့် အစိမ်းရောင်လျှပ်စစ်ဓာတ်အားလိုင်းကို တွေ့ရစဉ်။

图③ 冬奥低碳绿电线路 新华社 图



# ၁၀၀ % အစိမ်းရောင် လျှပ်စစ်သုံးစွဲမှု

# 100% 绿色用电

လေအားလျှပ်စစ်သည် သန့်ရှင်းသော စွမ်းအင်အရင်းအမြစ် ဖြစ်သည်။ ဟော်ပေပြည်နယ် ကျန်းကြားခုတ်မြို့တွင် ပျမ်းမျှနေ့စဉ် လျှပ်စစ်ဓာတ်အား ၂၄၅၀၀ ယူနစ်ခန့် ထုတ်လုပ်သည့် လေအားလျှပ်စစ်တာဘိုင်တစ်ခု တည်ရှိနေသည်။ ထိုလျှပ်စစ်ကို လျှပ်စစ်ဓာတ်အားကွန်ရက်မှတစ်ဆင့် ပေကျင်းသို့ ပို့လွှတ်ပြီးနောက် ဤတစ်ကြိမ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် နှင်းထုတ်လုပ်မှုအတွက် အသုံးပြုသော လျှပ်စစ်ဓာတ်အားအားလုံးကို ပြီးမြောက်စေရန် Shougang နှင်းခဲပြင်လျှောစီးစင်တာမှ အသုံးပြုနိုင်ပါသည်။

ကျန်းကြားခုတ်မြို့မှ လေအားလျှပ်စစ်သည် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ မီးရောင်များကို လင်းထိန်စေခဲ့သည်။ ၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွင်း ကျင်းပသည့် နေရာအားလုံးကို အစိမ်းရောင်လျှပ်စစ်ဓာတ်အား(လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု သုည သို့မဟုတ် သုညနှင့် နီးစပ်သည်။)ဖြင့် ထောက်ပံ့ပေးကြောင်း သတင်းရရှိခဲ့သည်။ ၂၀၂၂ ခုနှစ် ဆောင်းရာသီ မသန်စွမ်းအိုလံပစ်ပြိုင်ပွဲ ကုန်ဆုံးချိန်တွင် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ကျင်းပရာနေရာများတွင် အစိမ်းရောင်လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၄၀၀ ခန့်သုံးစွဲမည်ဖြစ်ရာ ကျောက်မီးသွေးလောင်ကျွမ်းမှု တန်ချိန် ၁၂၈၀၀၀ ကို လျှော့ချကာ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု တန်ချိန် ၃၂၀၀၀၀ ခန့် လျှော့ချနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合






奥运史上首次机器人水下传递火炬；5G 信号覆盖所有冬奥场馆；“猎豹”超高速 4K 轨道摄像机系统捕捉赛场上每个细节；智慧餐厅机器人烹饪送餐全自动服务……2022 北京冬奥会上，科技创新在场馆建设、后勤保障、疫情防控等方面发挥了巨大作用。

အိုလံပစ်ပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် စက်ရုပ်များသည် မီးရှူးတိုင်ကို ရေအောက်တွင် လက်ဆင့်ကမ်းပေးခြင်း၊ 5G ကွန်ရက်သည် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကွင်းအားလုံးကို လွှမ်းခြုံထားခြင်း၊ “Liebao” အလွန်မြန်နှုန်းမြင့် 4K ပတ်လမ်းကင်မရာစနစ် (ယင်းသည် ကင်မရာ၊ ပတ်လမ်းယာဉ်၊ gyroscopes စသည်တို့ အပါအဝင် ပြီးပြည့်စုံသော ကင်မရာစနစ်ဖြစ်သည်။)သည် အားကစားကွင်းမှ အသေးစိတ်အားလုံးကို ဖမ်းယူခြင်း၊ စမတ်စားသောက်ဆိုင်မှ စက်ရုပ်များသည် ချက်ပြုတ်ခြင်းနှင့် အစားအစာ ပေးပို့ခြင်းဆိုင်ရာ အလို



# ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှ နည်းပညာအလင်းရောင်များ

# 冬奥会上的科技之光

အလျော့ကျဝန်ဆောင်မှုစသည်တို့ ပါဝင်သည်။ ၂၀၂၂ ခုနှစ် ပေကျင်း ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် နည်းပညာ ဆန်းသစ်တီထွင်မှုသည် ပြိုင်ပွဲကွင်းတည်ဆောက်ရေး၊ ထောက်ပံ့ဝန်ဆောင်မှု၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးများတွင် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

အမျိုးသားအရှိန်ပြင်းရေခဲပြင်စကိတ်စီးပြိုင်ပွဲကွင်း “ရေခဲဖဲကြိုး”ကို တွေ့ရစဉ်။

国家速滑馆“冰丝带” 新华社 图

# ဆောင်းရာသီအိုလံပစ်အများဆုံးရှာဖွေတွေ့ရှိမှုများ

# 冬奥热搜




မီဒီယာစင်တာ၏ "စမတ်စားသောက်ဆိုင်" မှ စက်ရုပ်များက အစားအစာပြင်ဆင်နေပုံကို တွေ့ရစဉ်။
主媒体中心"智慧餐厅" 机器人料理食物 CFP 图

## စက်ရုပ်များ
## 机器人

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် နေရာအနှံ့ရှိ စက်ရုပ်များသည် လူအများစု အဓိကဆွေးနွေးကြသော အကြောင်းအရာ ဖြစ်လာသည်။

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် မီးရှူးတိုင်ကို လက်ဆင့်ကမ်းပေးရာတွင် စက်ရုပ်များ အချင်းချင်းအကြား မီးရှူးတိုင်ကို ရေအောက်တွင် လက်ဆင့်ကမ်းပေးခြင်းကို အကောင်အထည်ဖော်ခဲ့ပါသည်။ ဤသည်မှာ အိုလံပစ်ပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ် ဖြစ်ပြီး လူအမြောက်အမြား၏ အာရုံစိုက်မှုကို ခံခဲ့ရပါသည်။ အမှန်တကယ်တွင် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၌ စမတ်စက်ရုပ်များသည် နေရာတိုင်းတွင် ရှိနေခဲ့ပါသည်။

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် စက်ရုပ်များ အစုစည်းဆုံးနေရာမှာ စားသောက်ဆိုင် ဖြစ်ပြီး ဟင်းပွဲတိုင်းကို စက်ရုပ်များဖြင့် ပြုလုပ်ထားပါသည်။ ဦးခေါင်း၏အထက်တွင် ဖောက်ထွင်းမြင်ရသော ဖန်သားလမ်းများရှိပြီး ဟင်းလျာများကို ချက်ပြုတ်ပြီးပါက မှာယူသော အားကစားသမားများဆီသို့ စက်ဖြင့် ပို့ဆောင်ပေးမည် ဖြစ်ပါသည်။ ဟင်းလျာများသည် ကောင်းကင်မှ မျက်စိရှေ့သို့ ပြုတ်ကျလာကာ

အားကစားသမားများသည် လက်ဖြင့် ဖွင့်ပြီး ယူသွားလိုက်ရုံပင်ဖြစ်သည်။ ညနေစောင်းတွင် ကော့တေး ထုတ်လုပ်သော စက်ရုပ်များသည် အလုပ်စတင်လုပ်နေသည်။ သူတို့သည် ဘားတင်ခြင်းအတွက် လိုအပ်သော ကုန်ကြမ်းများကို ကွန်တိန်နာထဲသို့ ထည့်ပြီး ဘားတင်သမားကဲ့သို့ ကောင်းမွန်စွာ လှုပ်ရှားပြီး ဖန်ခွက်ထဲသို့ လောင်းထည့်ပါသည်။

“ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲရဲ့ စားသောက်ဆိုင်ကို ကျွန်တော် အရမ်းမှတ်မိနေတယ်။ အစားအသောက်တွေ အရသာရှိတယ်။ စက်ရုပ်တွေက အစားအစာကိုလည်း အလုပ်တွင်ကျယ်စွာ ချက်ပြုတ်ပေးနိုင်တယ်။ လုပ်ငန်းစဉ်တစ်ခုလုံးမှာ လက်နဲ့ ထိဖို့ မလိုပါဘူး။ အရမ်းသန့်ရှင်းတယ်လေ” ဟု နိုင်ငံတကာ အသံလွှင့်ဌာနမှ လုံခြုံရေးအရာရှိ Martinus Guezin က ပြောခဲ့သည်။

တကယ်တော့ ဟင်းလျာချက်ပြုတ်ခြင်းမှ ပို့ဆောင်ခြင်း၊ ပိုးသတ်ခြင်း၊ အပူချိန်တိုင်းတာခြင်း၊ မိုဘိုင်းလ်ရောင်းချခြင်း၊ အခန်းဝန်ဆောင်မှု၊ ဧည့်လမ်းညွှန် ဘာသာပြန်ခြင်းအထိ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွက် စက်ရုပ်မျိုးစုံသည် နေ့စဉ်နေ့တိုင်း အလုပ်များနေသည်။ ဂျပန်နိုင်ငံ “ နေ့စဉ်သတင်း”မှ သတင်းအရ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲသည် ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့မှုကို တားဆီးကာကွယ်ရန်အတွက် စက်ရုပ်အမြောက်အမြားကို အသုံးပြုလျက်ရှိပြီး လူနှင့်ထိတွေ့မှုကို ရှောင်ရှားနိုင်ရုံသာမက အလုပ်တွင်ကျယ်မှုကိုလည်း တိုးတက်စေနိုင်ပါသည်။

## Olympic Broadcasting Services (OBS) Cloud
## 云转播

တရုတ်နိုင်ငံမှ ဂူအိုင်လင်(Eileen Gu)သည် အမျိုးသမီး အလွတ်နှင်းလျှောစီး (Women's Big Air Freestyle Skiing)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိစဉ် ပရိသတ်များသည် ဗီဒီယို ပြန်ဖွင့်ခြင်းမှတစ်ဆင့် ဂူအိုင်လင်၏ ခုန်တက်ခုန်ဆင်းရာတွင် သူမ၏ ကိုယ်ဟန်အမူအရာများစွာဖြင့် ပျံသန်းသည့်လမ်းကြောင်းသည် တူညီသောပုံများဖြင့် ပုံတူပွားနည်းရှိပုံရသည်ကို ပရိသတ်များအား ပိုမို ကောင်းမွန်သော ကြည့်ရှုခံစားချက်ကို ရရှိစေနိုင်ခဲ့သည်။

ဤသည်မှာ တရုတ်ကမ္ဘာ့ Alibaba မှ ပံ့ပိုးထားသော cloud ထုတ်လွှင့်မှုနည်းပညာကြောင့် ဖြစ်သည်။ ကမ္ဘာ့ကိုဗစ်-၁၉ ကပ်ရောဂါ၏စိန်ခေါ်မှုအောက်တွင် cloud ထုတ်လွှင့်မှုနည်းပညာသည် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ ကြီးမားသော HD ပုံရိပ်များကို cloud (အွန်လိုင်း)မှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ လှမ်းချီစေသည်။

အိုလံပစ်ပြိုင်ပွဲ၏ ရိုးရာတစ်ဆင့်ထုတ်လွှင့်မှုတွင် နိုင်ငံအသီးသီးမှ ထုတ်လွှင့်ခွင့်ရထားသော ရုပ်မြင်သံကြားဌာနများသည် ပြိုင်ပွဲနှင့်ပတ်သက်သော သတင်းပေးပို့ရန်အတွက် ပြိုင်ပွဲကျင်းပသည့် နိုင်ငံသို့ သွားရန် လိုအပ်သည်။ ၁၅ တန်နှင့် အထက်ရှိသောတစ်ဆင့် ထုတ်လွှင့်ယာဉ်များ၊ သတင်းယူကိရိယာများကို ပင်လယ်ရေကြောင်း ဖြတ်၍ ပို့ဆောင်ရသည်။ နည်းပညာဆိုင်ရာ လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုဝန်ထမ်းများ၊ အယ်ဒီတာ အများအပြားကို သတင်းထောက်များနှင့်အတူ အိုလံပစ်ပြိုင်ပွဲကွင်းသို့ စေလွှတ်ရပါသည်။

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို Alibaba cloud မှတစ်ဆင့် ထုတ်လွှင့်ပြီး အွန်လိုင်းတွင် တိုက်ရိုက်ထုတ်လွှင့်မှု အချက်ပြမှုကို လက်ခံရရှိနိုင်ပါသည်။ ဤသို့ဖြင့် နေရာများတည်ဆောက်ခြင်းနှင့် စက်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကြောင့် သုံးစွဲသည့် လူ့အင်အားနှင့် ပစ္စည်းအရင်းအမြစ်များကို လျှော့ချနိုင်ပါသည်။“Cloud ထုတ်လွှင့်မှုရဲ့ အကူအညီနဲ့ ယခင်က အခင်းဖြစ်ပွားရာနေရာသို့ ပို့ဆောင်ဖို့လိုအပ်တဲ့ ထုတ်လွှင့်ကိရိယာ အများကြီးကို cloud သို့ ရွှေ့ပြောင်းနိုင်တာကို ယေဘုယျအားဖြင့် နားလည်နိုင်ပါတယ်”ဟု Alibaba cloud အိုလံပစ်ပြိုင်ပွဲလုပ်ငန်း၏ တာဝန်ရှိသူ ကျန်းတာဇီက ပြောကြားခဲ့သည်။ Cloud ထုတ်လွှင့်မှု၏ ပံ့ပိုးမှုအောက်တွင် စက်ပစ္စည်းများစွာကို သယ်ယူပို့ဆောင်စရာ မလိုတော့ဘဲ cloud သို့ ရွှေ့ပြောင်းနိုင်ပါသည်။ အခင်းဖြစ်ပွားရာတွင် မည်သူမျှမရှိသော်လည်း နည်းပညာနှင့် အယ်ဒီတာများသည် အိုလံပစ်ပြိုင်ပွဲ ထုတ်လွှင့်မှုအလုပ်ကို အဝေးမှ လုပ်နိုင်သည်။

ထို့ပြင် cloud ထုတ်လွှင့်မှုသည် ပိုမို ကြွယ်ဝသော ကြည့်ရှုခံစားမှုများကို ယူဆောင်လာနိုင်မည် ဖြစ်၍ လွတ်လပ်သော ရှုထောင့်မြင်ကွင်းဖြင့် ပြိုင်ပွဲကြည့်ရှုသော အထူးသက်ရောက်မှုကို ပေးနိုင်ကာ စူပါအနှေးပြကွက်၊ မြင်ကွင်းကျယ်ပြန့်သော ရုပ်ရှင် အထူးသက်ရောက်မှုများအား ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ ထုတ်လွှင့်မှုသို့ ယူဆောင်လာနိုင်သည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး
本刊综合

# နိုင်ငံတကာထံမှ ပဲ့တင်သံ။ ။ ထူးကဲသာလွန်၍ပြောင်မြောက်သည့် အိုလံပစ်အားကစားပွဲတော်ကြီး

# 国际回声：一届精彩、非凡、卓越的奥运盛会



尽管全球因新冠肺炎疫情而蒙受苦难和损失，但人类及其伟大的精神无法被击败。北京冬奥会的成功举办是对全球复苏、人类的友谊和团结的一场盛大的庆祝，令人感到振奋。



ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဒုက္ခဆင်းရဲကြုံကာ ဆုံးရှုံးမှုများ ဖြစ်ခဲ့ကြသော်လည်း လူသားမျိုးနွယ်နှင့် ၎င်းတို့စိတ်ဓာတ်မှာမူ အလဲထိုးမခံခဲ့ရပါ။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် တစ်ကမ္ဘာလုံး ပြန်လည်နာလန်ထလာခြင်း၊ လူသားမျိုးနွယ်တို့၏ ချစ်ကြည်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့ကို ဖော်ညွှန်းသည့် ပွဲတော်ကြီးတစ်ခု ဖြစ်သောကြောင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် ဖြစ်ရပါသည်။

—— ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း အဘိဆစ်

设计 武瑞

တရုတ်နိုင်ငံက ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွက် အားထုတ်မှု ကြီးမားစွာပြုလုပ်ခဲ့ပါသည်။ ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအစီအမံများ တိကျမှု၊ ထိရောက်မှု ရှိပါသည်။ ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲက တစ်ကမ္ဘာလုံးရှိ ပြည်သူများအတွက် မျှော်လင့်ချက်နှင့် ပျော်ရွှင်မှုတို့ကို ဆောင်ကြဉ်းပေးလာခဲ့ပါသည်။

—— လက်ဗနွန်နိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ

ဘူးထရို့စ်• ဂျာလ်ခ်

ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုမှာ တစ်မူထူးခြားသော ဆွဲဆောင်အား ရှိပါသည်။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ အကြောင်းများကို မီဒီယာ၏ ဝေဝေဆာဆာ တင်ဆက်မှုများမှတစ်ဆင့် ပါကစ္စတန်ပြည်သူများ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုအပေါ် ပိုမိုသဘောကျနှစ်သက်လာစေပြီး ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုကို အားပေးနိုင်မည်ဟု မျှော်လင့်သည်။

—— ပါကစ္စတန်နိုင်ငံ ဆောင်းရာသီအားကစားပူးတွဲကော်မတီ (ဆောင်းရာသီအိုလံပစ်ကော်မတီ) ကော်မတီဝင်

အစ်ဖ်တီခါရ်• ဗဂျ်ဝါ



တရုတ်နိုင်ငံသည် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကျင်းပခြင်းတွင် “အစိမ်းရောင်အိုလံပစ်” အိုင်ဒီယာကို ကျင့်သုံးဖော်ဆောင်ခဲ့ပါသည်။ အိုလံပစ်ပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ် ပြိုင်ပွဲကျင်းပရာနေရာ အားလုံး ၁၀၀% အစိမ်းရောင်စွမ်းအင် သုံးစွဲခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ပေကျင်းနွေရာသီအိုလံပစ်ပြိုင်ပွဲကျင်းပစဉ်က ပြိုင်ပွဲကျင်းပရာနေရာများကို အပြည့်အဝအသုံးချပြီး ကာဗွန်ထုတ်လွှတ်မှုကို အရင်းအမြစ်ကနေ လျှော့ချခဲ့ပါသည် . . .အစီအမံများအားလုံးသည် တရုတ်အစိုးရ၏ အစိမ်းရောင် ကာဗွန်နိမ့် ဖွံ့ဖြိုးရေးလမ်းစဉ်အပေါ် ပြတ်သားမှုကို ပြသနေသကဲ့သို့ အိုလံပစ်၏ အစိမ်းရောင် ဖွံ့ဖြိုးမှုအတွက်လည်း အကျိုးရှိသည့် အတုယူမှီငြမ်းစရာများအဖြစ် အထောက်အကူ ဖြစ်လာမှာပါ။

——တောင်ကိုရီးယားနိုင်ငံ တောင်ကိုရီးယား–တရုတ် ကမ္ဘာလုံးဆိုင်ရာအသင်း ဥက္ကဋ္ဌ ယူရှူဂင်

ပေကျင်းဆောင်းရာသီအိုလံပစ်၏ ဆောင်ပုဒ်မှ “အနာဂတ်ဆီ အတူလှမ်းချီ”ဖြစ်ပါသည်။ ယင်းမှာ တရုတ်ယဉ်ကျေးမှု၏ “ကမ္ဘာကြီးသည် မိသားစုဖြစ်သည်”ဟူသော အတွေးအခေါ်ကို ထင်ဟပ်ပြသလိုက်ခြင်းပင် ဖြစ်သည်။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲက အိုလံပစ်စိတ်ဓာတ်နှင့် တရုတ်ရိုးရာယဉ်ကျေးမှုတို့ကို တစ်ပေါင်းတစ်စည်းတည်းဖြစ်အောင် ပေါင်းစည်းလိုက်ခြင်းဖြစ်၍ ထူးခြားလေးနက်သော အဓိပ္ပာယ်ဆောင်နေပါသည်။

—— ရုရှားနိုင်ငံအဆင့်မြင့်စီးပွားရေးတက္ကသိုလ် ပါမောက္ခ၊ တရုတ်ဘာသာကျွမ်းကျင်ပညာရှင် ဗလာဒီမြာ• မာလျာဗင်



“နည်းပညာဖြင့် အိုလံပစ်ပြိုင်ပွဲကျင်းပရေး”အိုင်ဒီယာကို ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ အစမှ အဆုံးအထိ ကျင့်သုံးဖော်ဆောင်သွားခဲ့ပါသည်။ AI နည်းပညာအသုံးချမှုက လူများကို အထူးနက်ရှိုင်းစွာ အာရုံစွဲထင်စေခဲ့ပါသည်။ စမတ်ပိုးသတ်စက်ရုပ်၊ ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စက်ရုပ်စသည်တို့က အားကစားသမားများကို စိတ်ချလက်ချ ပြိုင်ပွဲဝင်နိုင်စေခဲ့ပါသည်။ အော်တိုမက်တစ် သန့်ရှင်းရေးစက်ရုပ်နှင့် ပစ္စည်းပို့စက်ရုပ်များက ထောက်ပံ့ပို့ဆောင်ရေးအတွက် ကောင်းစွာဝန်ဆောင်မှုပေးနိုင်ခဲ့သည်။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲက နည်းပညာဆန်းသစ်တီထွင်မှု၏ ခွန်အားကို တစ်ကမ္ဘာလုံး မြင်အောင်ပြသနိုင်ခဲ့ပါသည်။

—— ကင်ညာနိုင်ငံ South–South ပူးပေါင်းဆောင်ရွက်မှု Think Tank တာဝန်ခံ စတီဗင်• အင်ဒက်ဂ်ဝါ



CFP 图

ဆောင်းပါးအရင်းအမြစ်။ ။ “ပြည်သူ့နေ့စဉ်သတင်းစာ”
稿件来源 :《人民日报》



①

# မြန်မာစေတနာ့ဝန်ထမ်း။ ။ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် ဝန်ဆောင်မှုပေးရခြင်းမှာ ၂၀၂၂ ခုနှစ်အတွက် အကောင်းဆုံးလက်ဆောင်ဖြစ်သည်

## 缅甸志愿者：服务冬奥会是 2022 年的最好礼物

◘ 本刊记者 张莹琳 / 文

就读于北京科技大学控制科学与工程专业的缅甸留学生王智强，刚刚结束了北京冬奥会的志愿者服务工作。临走前，他深情地看了看服务了 20 多天的五棵松体育中心场馆，心中充满了美好的回忆。

ပေကျင်း သိပ္ပံနှင့်နည်းပညာတက္ကသိုလ်၊ ထိန်းချုပ်သိပ္ပံနှင့်အင်ဂျင်နီယာ ဘာသာရပ်မှ မြန်မာပညာတော်သင်ကျောင်းသား Wang Zhiqiang သည် မကြာမီက ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် စေတနာ့ဝန်ထမ်းဝန်ဆောင်မှု အလုပ်တာဝန် ပြီးဆုံးခဲ့သည်။ ပြန်ခါနီးတွင် သူက ရက်ပေါင်း ၂၀ ကျော်ကြာ ဝန်ဆောင်မှုပေးသည့် ဂူခေါ်ဆုန်းအားကစားရုံကို သံယောဇဉ် နက်ရှိုင်းစွာကြည့်ပြီး ရင်ထဲမှာ ကောင်းမွန်သော အမှတ်တရများ ပြည့်နှက်နေခဲ့ပေသည်။

“ဒါဟာ ကျွန်တော်က ၂၀၂၂ ခုနှစ်မှာ ရရှိတဲ့ အကောင်းဆုံးလက်ဆောင်ပါပဲ” ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ခွင့် ရရှိရေးမှာ Wang Zhiqiang ၏အိပ်မက်ဖြစ်သည်။ လွန်ခဲ့သော ၆ လမှစ၍ သူသည် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲစေတနာ့ဝန်ထမ်းဝန်ဆောင်မှုတွင် ပါဝင်ခွင့်ရရှိရန် အင်တာနက်မှတစ်ဆင့် နာမည်စာရင်း ပေးသွင်းခဲ့ပါသည်။ ကနဦး စိစစ်ခြင်း၊ ကိုယ်ရေးအကျဉ်း ပေးပို့ခြင်း စသည့်အဆင့်ဆင့် စိစစ်ရွေးချယ်ပြီးသည့်

နာက် သူအပါအဝင် ပေကျင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်က ထိုင်း၊ ဗီယက်နမ်၊ တောင်ကိုရီးယား စသည့်နိုင်ငံ ၉ နိုင်ငံမှ နိုင်ငံတကာ ပညာတော်သင်ကျောင်းသားများ လူတွေ့စစ်ဆေးမှုကို အတူတကွ အောင်မြင်ခဲ့ကြသည်။ အိပ်မက်က တကယ်ဖြစ်လာချိန်မှာ Wang Zhiqiang သည် ရင်ထဲက ပျော်ရွှင်မှုကို စကားလုံးနှင့်ပင် မဖော်ပြနိုင်ခဲ့ပါချေ။

ဂူခေါ်ဆုန်းအားကစားရုံထဲသို့ ဝင်သွားခဲ့သည့် ပထမဆုံးနေ့က စေတနာ့ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးနေသည့် မြင်ကွင်းကို Wang Zhiqiang မေ့မရနိုင်ခဲ့ပါ။ စစချင်းတွင် ဆရာက သူ့ကို အဖွဲ့ဝင် ၁၂ ဦးပါဝင်သော အဖွဲ့ထဲ ထည့်သွင်းလိုက်ပြီး အသေးစိတ် အလုပ်တာဝန်များကို ပေါင်းစပ်ရှင်းပြကာ သူတို့အား ပရော်ဖက်ရှင်နယ် လေ့ကျင့်မှုနှင့် အလုပ်တာဝန်လေ့ကျင့်မှုများ စပေးခဲ့သည်။ “နားမလည်တာတွေရှိတဲ့အခါ ကျွန်တော်တို့အဖွဲ့က ဆရာနဲ့ အဖွဲ့ဝင်တွေအားလုံးက ကျွန်တော့်ကို လိုလိုလားလား ရှင်းပြကြပါတယ်”ဟု Wang Zhiqiang က ပြန်ပြောပြသည်။ ပထမနေ့ လေ့ကျင့်မှု ပြီးဆုံး၍ အဆောင်ပြန်နားချိန်တွင် သူက နေ့ခင်းမှာ လေ့ကျင့်မှုများအကြောင်းကို ပြန်စဉ်းစားမိရင်း ရင်ခုန်စိတ်လှုပ်ရှားလွန်းသောကြောင့် အိပ်၍ပင် မပျော်ခဲ့ပေ။

လေ့ကျင့်မှု ပြီးဆုံးသောအခါ Wang Zhiqiang သည် ပြိုင်ပွဲဝန်ဆောင်မှု လက်ထောက်တာဝန်ကို စတင်ယူလာခဲ့ရသည်။ နေ့စဉ်ပြိုင်ပွဲကွင်းတွင် အစည်ကားဆုံးအချိန်မှာ သူ အလုပ်အများဆုံးအချိန်ပင်ဖြစ်သည်။ “ပြိုင်ပွဲပွဲစဉ်တွေ မစတင်မီ ကျွန်တော်တို့အဖွဲ့က ပြိုင်ပွဲကွင်းဝင်ပေါက်နေရာမှာ မတ်တတ်ရပ်နေရတယ်။ အဓိကကတော့ အားကစားသမားတွေ၊ မီဒီယာသတင်းထောက်တွေ၊ ပရိသတ်တွေအတွက် ပြိုင်ပွဲကွင်းဝန်ဆောင်မှု ပေးရတာပါ။” ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး၊ လုံခြုံရေးစစ်ဆေးမှု . . . အလုပ်တာဝန်များ များပြားသော်လည်း Wang Zhiqiang က နေ့စဉ်နေ့တိုင်း အလွန်ပျော်ရွှင်ခဲ့ပေသည်။ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကာလတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ခြင်းအားဖြင့် အကူအညီလိုသူများကို ကူညီပေးနိုင်ရုံသာမက ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှု၏ ဆွဲဆောင်အားကိုပါ အနီးကပ် ထိတွေ့ခံစားခွင့် ရရှိနိုင်ခဲ့သည်ဟု သူက မြင်ပါသည်။ ပို၍ အမြတ်ရခဲ့သည်မှာ သူတို့သည် အပြည့်ဝဆုံးသော စိတ်အားထက်သန်မှုဖြင့် ထိုစေတနာ့ဝန်ထမ်း ဝန်ဆောင်မှုများကို အောင်မြင်စွာ ပေးနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲဝင်အားကစားသမားများနှင့် ပရိသတ်များ၏ နှစ်သက်ချီးကျူးမှုကို




ရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။ အားကစားစိတ်ဓာတ်အပေါ်လည်း နားလည်မှု ပိုမိုနက်ရှိုင်းလာခဲ့ကြပေသည်။

ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုများတွင် အပူပိုင်းဇုန်နိုင်ငံမှ ရောက်ရှိလာသော Wang Zhiqiang အတွက် သဘာဝအလျောက် ဆွဲဆောင်အား ရှိပေသည်။ “ရာသီဥတု အကြောင်းရင်းကြောင့် ကျွန်တော့်ဇာတိ ရန်ကုန်မှာ နှင်း မမြင်ဖူးပါဘူး။ ၂၀၁၈ ခုနှစ်မှာ ကျွန်တော်က ပေကျင်းကို ပညာတော်သင်အနေနဲ့ ရောက်ရှိလာပြီးနောက်မှာမှ နှင်းကို ပထမဆုံးအကြိမ် မြင်ဖူးတာပါ။ အဲဒီတုန်းက ပျော်လိုက်ပါတယ်ဆိုတာဗျာ။” ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲက ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုများကို လူကြိုက်များလာစေခဲ့သည်။ အားကစား ဝါသနာပါသည့် Wang Zhiqiang သည်လည်း ပေကျင်းမှာပင် နှင်းလျှောစီးကို စတင်သင်ယူလာခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် နှင်းလျှောစီးတတ်ခါစက သူသည် ဒုတိယအကြိမ် “the Belt and Road” အူလန်ချပ် ရေခဲနှင့်ဆီးနှင်းရာသီနှင့် အပြည်ပြည်ဆိုင်ရာ နှင်းလျှောစီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ထူးချွန်စွာ စွမ်းရည်ပြသနိုင်ခဲ့သည်။ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲပြီးဆုံးပြီးနောက် Wang Zhiqiang သည် ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုများတွင် သည့်ထက်မက ပိုမိုပါဝင်ခွင့်ရရှိနိုင်ဖို့၊ မြန်နှုန်းနှင့် ရင်ခုန် စိတ်လှုပ်ရှားဖွယ်ရာများကို ကိုယ်တွေ့ခံစားနိုင်ဖို့ မျှော်လင့်လျက်ရှိပေသည်။

ပုံ ၁။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားမှ “နှင်းပွင့်”ပုံများကို တွေ့ရစဉ်။

图① 北京冬奥会开幕式上的“雪花”环节 新华社 图

ပုံ ၂။ နိုင်ငံခြားသားစေတနာ့ဝန်ထမ်းများက ပေကျင်း ဂူခေါ်ဆုန်းအားကစားရုံတွင် စုပေါင်းအမှတ်တရဓာတ်ပုံ ရိုက်နေစဉ်။

图② 外籍志愿者在北京五棵松体育中心内合影 新华社 图





① 

# ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို အင်တာနက်ပေါ်က ကျွန်တော် အမြဲဂရုတစိုက် စောင့်ကြည့်ခဲ့

## 我在“云上”沉浸式打卡北京冬奥会

■ 泰伦哥（缅籍）/ 文

作为一个曾在北京生活了 8 年的缅甸人，今年举办的北京冬奥会对我充满了吸引力。从开幕式到冰雪风光，从冬奥村到比赛现场……虽远在缅甸，我一直在“云上”沉浸式打卡冬奥会。

ပေကျင်းမှာ ၈ နှစ်လောက်နေခဲ့ဖူးတဲ့ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ဒီနှစ်မှာ ကျင်းပတဲ့ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲက ကျွန်တော့်အတွက်တော့ ဆွဲဆောင်မှုတွေ အပြည့်ရှိနေပါတယ်။ ဖွင့်ပွဲအခမ်းအနား၊ နှင်းပွင့်ပုံအလှအပတွေ၊ ဆောင်းရာသီအိုလံပစ်ကျေးရွာကနေ အားကစားပွဲကျင်းပတဲ့နေရာတွေ အထိပေါ့။ မြန်မာနိုင်ငံမှာ ဆိုပေမယ့် အင်တာနက်ပေါ်ကနေ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ကျွန်တော်အမြဲဂရုတစိုက် စောင့်ကြည့်နေခဲ့ပါတယ်။

ဖွင့်ပွဲအခမ်းအနားမှာ “နှင်းပွင့်တစ်ပွင့်”နဲ့ တရုတ်နိုင်ငံနဲ့ ကမ္ဘာကြီးကို ဆက်စပ်ပေးလိုက်ပါတယ်။ ပင်မမီးရှူးတိုင်ကို “ မီးညှိခြင်း” မရှိတဲ့ ထူးခြားတဲ့မီးထွန်းညှိခြင်းက တကယ့်ကို အံ့သြသင့်စရာပါပဲ။ “ရေခဲနှင့်ဆီးနှင်းအိုလံပစ်တံဆိပ်”ရေခဲတွေကြားကနေ ခွဲထွက်လာတဲ့တစ်ခဏအတွင်းမှာ ကျွန်တော့်ကို တကယ်အံ့အားသင့်သွားစေပါတယ်။ ကျွန်တော့်အမြင်ပြောရရင် ဒါက“ ပိုမိုလျင်မြန်၊ ပိုမိုမြင့်မား၊ ပိုမိုကြံ့ခိုင်၊ ပိုမိုစည်းလုံးညီညွတ်” ဆိုတဲ့ အိုလံပစ်ဆောင်ပုဒ်ကို လေးနက်စွာအဓိပ္ပာယ်ဖွင့်ဆိုလိုက်တာပါပဲ။

ဆောင်းရာသီအိုလံပစ်ကျေးရွာက ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲရဲ့ အဓိကကျတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျွန်တော် နေ့စဉ်အင်တာနက်ကနေ သတိထားကြည့်မိတဲ့နေရာတစ်ခု ဖြစ်တယ်။ အံ့သြ







စရာကောင်းတဲ့ သိပ္ပံနည်းပညာတွေ၊ အနယ်နယ်အရပ်ရပ်က စားကောင်းသောက်ဖွယ်တွေ…ရိုးရာအစားသောက်တွေ သိပ္ပံနည်းပညာနဲ့ တွေ့ဆုံချိန်မှာ ဘယ်လိုမျိုးတွေဖြစ်လာမလဲ။ အခုရက်ပိုင်း နိုင်ငံအသီးသီးက ပြိုင်ပွဲဝင်အားကစားသမားတွေက ဆိုရှယ်မီဒီယာပေါ်မှာ ဆောင်းရာသီအိုလံပစ် ထမင်းစားဆောင်ရဲ့ နည်းပညာတွေကို ပြသခဲ့ပြီး ကျွန်တော်လည်း အတော်လေး အမြင်ကျယ်ခဲ့ပါတယ်။ ကျွန်တော်နဲ့ မိသားစုဝင်တွေအားလုံး ပိုပြီးတော့ သတိထားမိတာက စားသောက်ခန်းမထဲမှာထားတဲ့ စမတ်လမ်းညွှန်စက်ရုပ်၊ ဟင်းချက်စက်ရုပ် စတဲ့မျိုးစုံလှတဲ့ စက်ရုပ်တွေပါပဲ။ စမတ်စားသောက်စားပွဲတွေ စမတ်ဟင်းပွဲယူနေရာတွေလည်း အကုန်တပ်ဆင်ထားတာတွေ့ရပါတယ်။ သူ့ရဲ့အထူးခြားဆုံးအချက်ကတော့ ဟင်းချက်တဲ့ စားဖိုးမှူးမရှိဘူး၊ ဟင်းပို့ပေးတဲ့ စားပွဲထိုးလည်း မရှိဘူး၊ အကုန်လုံးကို အလိုအလျောက် ချက်ပြုတ်ပြီး ပို့ဆောင်ပေးပါတယ်။ ကျွန်တော့်သူငယ်ချင်းတွေကို ဒီအကြောင်းပြောပြတဲ့အချိန်မှာ အားလုံးက “ဒီလိုမျိုး စမတ်စားသောက်ဆိုင်မှာ စားကောင်းသောက်ဖွယ်တွေကို မြည်းစမ်းကြည့်ရတာ မြန်ဆန်မှုနဲ့ လွယ်ကူမှုကို အမှန်တကယ် ခံစားရနိုင်တယ်”လို့ ဆိုကြပါတယ်။

မတူညီတဲ့နိုင်ငံနဲ့ ဒေသတွေက အားကစားသမားတွေရဲ့ အစားအသောက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲက အမျိုးအစားစုံလင်လှတဲ့ အစားအသောက်တွေကို ပြင်ဆင်ထားပြီး နေ့စဉ် ဟင်းအမယ်ပေါင်း ၂၀၀ ကျော် ချက်ပြုတ်ပြင်ဆင်ပေးထားပါတယ်။ ဖက်ထုတ်၊ ပဲပေါက်စီ၊ မာလာဟင်း၊ ဘဲကင်၊ ကြက်ကုန်းဘောင်…ကျွန်တော်ကတော့ ဆောင်းရာသီအိုလံပစ်ကျေးရွာရဲ့ အစားအသောက်တွေကို အတော်လေး ကြိုက်နှစ်သက်မိပါတယ်။ အားကစားသမားအတော်များများကလည်း စိတ်လှုပ်ရှားစရာကောင်းတဲ့ ပြိုင်ပွဲတွေအတွက် ယှဉ်ပြိုင်နေတဲ့အပြင် အားလပ်တဲ့အချိန်တွေမှာ အစားအသောက်တွေကို လိုက်ဖ်ပြသပြီး မိတ်ဆက်ပေးတတ်ပါတယ်။ တကယ်လို့ တရုတ်ဟင်းလျာတစ်မျိုးကို ပြိုင်ပွဲဝင်အားကစားသမားတွေအတွက် အကြံပြုပေးရမယ်ဆိုရင် ဘယ်လိုဟင်းမျိုးကို အကြံပြုပေးမလဲ။ ကျွန်တော်ကတော့ မာလာဟင်းကို အကြံပြုချင်ပါတယ်။ “စားကောင်းသောက်ဖွယ်တွေ ထောင်သောင်းမက ရှိပေမယ့် မာလာဟင်းကိုပဲ ကြိုက်တယ်”လို့ ပြောရမှာပေါ့။

“ပင်းတွင်းတွင်း(Bing Dwen Dwen )ရဲ့ ချစ်စရာကောင်းပုံလေးကိုလည်း ကျွန်တော် အရမ်းသဘောကျပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်တို့ မြန်မာ–တရုတ်လူငယ်တွေ အတူလက်တွဲလို့ အနာဂတ်ကို ချီတက်ပြီး ပြိုင်ပွဲမှာ ကြိုးစားယှဉ်ပြိုင်နေကြတဲ့ နိုင်ငံတကာအားကစားသမားတွေလို၊ အိပ်မက်ကို ဖွဲ့နဘဲကြီးစွာ၊ အင်ပြည့်အားပြည့် လှုလှုပပ ကြိုးစားကြလို့၊ လူတိုင်းလူတိုင်း ကိုယ်ဘဝရဲ့ ရွှေတံဆိပ်ကို ပိုင်ဆိုင်နိုင်ကြမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ပုံ ၁။ ဖွင့်ပွဲအခမ်းအနားမှ “ရေခဲနှင့်ဆီးနှင်းအိုလံပစ်တံဆိပ်”ကို တွေ့ရစဉ်။

图① 开幕式上的“冰雪五环”环节 新华社 图

ပုံ ၂။ စားသုံးသူများက စမတ်စားသောက်ဆိုင်တွင် စမတ်ဧည့်ခံနည်းဖြင့် ဝန်ဆောင်မှုပေးနေပုံကို လက်တွေ့ခံစားနေစဉ်။

图② 就餐人员在智慧餐厅体验智能送餐服务 CFP 图

ပုံ ၃။ ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲနှင့် ဆောင်းရာသီမသန်စွမ်းအိုလံပစ်ပြိုင်ပွဲမှ လာဘ်ကောင်အရုပ် “ပင်းတွင်းတွင်း” နှင့် “ရွှေယုံယုံ”ကို တွေ့ရစဉ်။

图③ 北京冬奥会和冬残奥会吉祥物“冰墩墩”“雪容融”新华社 图

# မြန်မာနိုင်ငံတွင် ရေခဲနှင့်ဆီးနှင်းမြို့တစ်မြို့ ရှိသည် ဆိုတာ အဆွေတို့ သိပါသလား

## 你知道吗？缅甸有个冰雪小镇

□ 本刊记者 李雨曈 / 文



板瓦镇位于缅甸克钦邦密支那县，是一个与中国云南接壤的边境小镇。小镇四周围绕着连绵起伏的山脉，平地面积较少。每年11月起，板瓦镇就开始降雪了。雪花飘落在山顶，远远看去，像极了大山的白色冬帽；落在大地上，变成了一大片毛茸茸的洁白地毯；水汽凝结在大树上，形成了亮晶晶的雾凇……在明媚的阳光、蓝天和白云的映衬下，板瓦犹如一个童话般的冰雪世界，浪漫极了！

အပူပိုင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် ရေခဲနှင့် ဆီးနှင်းကမ္ဘာရှိသည် ဆိုတာ အဆွေတို့ သိပါသလား။ ယနေ့တွင် မြန်မာနိုင်ငံ ပန်ဝါမြို့က ရေခဲနှင့် ဆီးနှင်းများ၏ အလှတရားကို အတူတူသွားကြည့်ကြစို့။

ပန်ဝါမြို့သည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်တွင် တည်ရှိပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် ထိစပ်နေသော နယ်စပ်မြို့တစ်မြို့ ဖြစ်သည်။ မြင့်မားမတ်စောက်သည့် တောင်တန်းနှင့် တောင်စောင်းများသည် မြို့လေးကို ဝန်းရံထားပြီး မြေပြန့်လွင်ပြင် ဧရိယာနည်းသည်။

ပန်ဝါမြို့သည် တကယ့်ကို ရေခဲနှင့် ဆီးနှင်းမြို့တစ်မြို့ ဖြစ်သည်။ တစ်နှစ်ပတ်လုံး ချမ်းအေးသည့် ရာသီဥတုရှိကြောင့် အမြင့်ဆုံးအပူချိန်မှာ ၁၈ ဒီဂရီစင်တီဂရိတ်သာရှိသည်။ ဆောင်းရာသီတွင် အအေးဒဏ်ကို ပိုမိုခံစားရပြီး အနိမ့်ဆုံးအပူချိန် ရေခဲမှတ်အောက် ၁၀ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းလေ့ရှိသည်။

နှစ်စဉ် နိုဝင်ဘာလမှ စတင်၍ ပန်ဝါမြို့သည် နှင်းများကျလာသည်။ ချစ်စရာကောင်းသော နှင်းပွင့်လေးများသည် တောင်ထိပ်ပေါ်မှာ ကြွေကျပြီးနောက် အဝေးမှ ကြည့်ရသည်မှာ တောင်ပေါ်တွင် အဖြူရောင် ဆောင်းဦးထုပ် တစ်ခုကဲ့သို့ ဖြစ်နေသည်။ မြေပြင်ပေါ် လဲကျသွားတော့ ဖြူဖြူဖွေးဖွေး ကော်ဇောကြီးတစ်ခုကဲ့သို့ ဖြစ်သွားသည်။ ရေငွေ့သည် သစ်ပင်ကြီးပေါ်တွင် စုစည်းကာ တောက်ပသော ရှုခင်းများ ဖြစ်ပေါ်လာသည်။ တောက်ပသော နေရောင်၊ ကောင်းကင်ပြာပြာနှင့် တိမ်ဖြူဖြူများ၏ အလှဆင်မှုအောက်မှာ ပန်ဝါမြို့သည် ဒဏ္ဍာရီပုံပြင်ကမ္ဘာနှင့်တူသော ရေခဲနှင့် ဆီးနှင်းကမ္ဘာကြီးတစ်ခု ဖြစ်ပါသည်။ အလွန်ရင်ခုန်စရာကြီးပဲ။

မလွမ်းနော၏ မွေးရပ်ဇာတိမှာ ပန်ဝါမြို့ ဖြစ်သည်။ တရုတ်နိုင်ငံ ယူနန် နော်မယ်တက္ကသိုလ်တွင် မဟာဘွဲ့ ရရှိပြီးနောက် မလွမ်းနောသည် ပန်ဝါမြို့သို့ ပြန်လာပြီး တရုတ်ဘာသာဆရာမတစ်ဦး ဖြစ်လာသည်။ နှင်းများကျသောနေ့တိုင်း မလွမ်းနောသည် အတန်းတွင်းရှိ ကျောင်းသားများကို ပြင်ပလှုပ်ရှားမှုများ အတူတကွ လုပ်ဆောင်ရန်







ပန်ဝါမြို့၏ဆီးနှင်းရှုခင်းအလှကို တွေ့ရစဉ်။
板瓦镇雪景 陇奴 图

စီစဉ်ပေးလျက်ရှိသည်။ ဥပမာအားဖြင့် နှင်းတောင်တက်ကြခြင်း၊ နှင်းလူသားလုပ်ကြခြင်း၊ နှင်းဖြင့် တိုက်ကြခြင်း၊ နှင်းထဲတွင် ပျော်ပွဲစားထွက်ကြခြင်းစသည်ဖြင့် ဖြစ်သည်။ “နှင်းကို အရမ်းချစ်တယ်လေ။ ရာသီဥတု အရမ်းအေးပေမယ့် သူငယ်ချင်းတွေနဲ့ နှင်းထဲမှာ ဆော့ကစားရင်း လှပတဲ့ ဓာတ်ပုံတွေ အများကြီး ရိုက်နိုင်ပါတယ်။ ဒီလိုနေ့မျိုးဟာ တကယ်ကို ပျော်ရွှင်စရာကောင်းပါတယ်”ဟု မလွမ်းနော်က ပြောသည်။

နှင်းတောင်ပေါ်တက်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုတစ်ခု ဖြစ်သည်။ ထို့ကြောင့် နှင်းကျသောနေ့များတွင် ခရီးထွက်တိုင်း မလွမ်းနော်သည် ရေနွေး၊ နို့လက်ဖက်ရည်နွေး၊ ကိုယ်တိုင်အပူပေးထားသော ဟော့ပေါ့နှင့် အခြားပစ္စည်းများကို အမြဲပြင်ဆင်လေ့ရှိသည်။ မောပန်းနွမ်းနယ်နေချိန် နှင်းထဲမှာ ပျော်ပွဲစားထွက်ရင်း မိမိခွန်အားကို အချိန်မီ ဖြည့်ဆည်းပေးနိုင်သည်။

“ပန်ဝါမြို့ရဲ့ တစ်ခြားရာသီဥတုဟာ နွေဦးမြို့ဖြစ်သော ကူမင်းနဲ့ ဆင်တူပါတယ်။ ဒါပေမယ့် ပန်ဝါရဲ့ ဆောင်းရာသီက ပိုးအေးပြီး လေလည်း ပိုတိုက်တယ်။ ဒါတောင် ဆောင်းရာသီမှာ အပြင်ထွက်ပြီး တောင်ပေါ်တက်ရတာကို နှစ်သက်တုန်းပါပဲ”ဟု မလွမ်းနော်က ဝမ်းသာအားရ ပြောသည်။

မကြာသေးမီက ၂၀၂၂ ခုနှစ် ပေကျင်း ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ သိုက်သိုက်မြိုက်မြိုက် ကျင်းပလျက်ရှိပြီး မလွမ်းနော်သည်လည်း အဆိုပါပြိုင်ပွဲ၏ အခြေအနေကို အချိန်နှင့်တပြေးညီ စောင့်ကြည့်လျက်ရှိပါသည်။ “တရုတ်နိုင်ငံက ဆောင်းရာသီအားကစားမှာ ဖွံ့ဖြိုးတိုးတက်တာ မြန်လိုက်တယ်၊ အားကစားစိတ်ဓာတ်မှာလည်း သင်ယူထိုက်တယ်။ တရုတ်အားကစားသမားတွေ ကောင်းစွာကစားနိုင်ပြီး ဆုတံဆိပ်တွေ ပိုရနိုင်မယ်လို့ မျှော်လင့်ပါတယ်” ဟု မလွမ်းနော်က လက်မထောင်ပြရင်း ပြောသည်။





အပေါ်ပုံ၊ "ထန်ခေတ်နန်းတွင်းညပွဲတော်" အက။
အောက်ပုံ၊ ဟော်နန်ပြည်နယ်ပြတိုက်မှ ပြသထားသော ပစ္စည်းများ။
上图为舞蹈《唐宫夜宴》；下图为河南博物院主展馆内展出的展品 新华社 图

# ယဉ်ကျေးမှုအမွေအနှစ်မှ ပုံပြောခြင်း။ ။ တရုတ်အင်တာနက်တစ်ခုလုံး အုတ်အုတ်ကျက်ကျက်ဖြစ်စေခဲ့သည့် "ထန်ခေတ်နန်းတွင်းမမလေး"များအကြောင်း

【听文物讲故事】

# "火"遍中国互联网的"唐宫小姐姐"原来出自这里

2021 年，一支 5 分钟的舞蹈《唐宫夜宴》火遍中国社交网络，在国外社交媒体同样受到关注。身着融入三彩元素的襦裙，"肉嘟嘟"的脸上画着月牙形妆容"斜红"，借助 3D 和 AR 技术，14 位舞蹈演员穿梭于妇好鸮尊等国宝级文物影像之间，虚拟影像与现实舞台交相呼应，让人身临其境。这些从历史中穿越而来的"美人"是有原型的。灵感来自 1959 年河南安阳张盛墓出土的隋代乐舞俑，一组 13 件，包括 8 件乐俑和 5 件舞俑。

"လွန်ခဲ့တဲ့နှစ်များက ဟော်နန်ပြည်နယ်ပြတိုက်မှာ လေ့လာရင်း ဂီတအကအဖွဲ့ မြေရုပ်တွေကို တွေ့ခဲ့စဉ် 'သူတို့တစ်တွေ'သာ အသက်ရှင်လာခဲ့ရင် ယနေ့ခေတ်လူတွေကို ဘာအကြောင်းများ ပြောပြမလဲလို့ တွေးမိခဲ့ပါတယ်"ဟု ကျိန့်ကျိုးမြို့ ကဇာတ်ရုံမှ ဒါရိုက်တာနှင့် "ထန်ခေတ်နန်းတွင်းညပွဲတော်"အက ဖန်တီးသူများထဲက တစ်ဦးအပါအဝင်ဖြစ်သူ ချန်လင်း က ပြောသည်။

၂၀၂၁ ခုနှစ်တွင် ၅ မိနစ်စာ "ထန်ခေတ်နန်းတွင်းညပွဲတော်"အကသည် တရုတ်အင်တာနက်တစ်ခုလုံးကို အုတ်အုတ်ကျက်ကျက်ဖြစ်သွားစေခဲ့သကဲ့သို့ ပြည်ပလူမှုကွန်ရက်များတွင်လည်း အလားတူအာရုံစိုက်ခံခဲ့ရသည်။ ထန်မင်းဆက်ခေတ် (၆၁၈ ခုနှစ်–၉၀၇ ခုနှစ်) အဖိုးတန် မြေထည်ပစ္စည်းများ၏ အဓိကအရောင် သုံးရောင်ဖြစ်သော အနီ၊ အစိမ်း၊ အဝါ သုံးရောင်စပ် ရှုချင်ဝတ်စုံ ဝတ်ဆင်ထားသော၊"မို့မို့အိအိ" မျက်နှာပေါ်တွင် ထန်မင်းဆက်ခေတ်အမျိုးသမီးများ ခြယ်သလေ့ရှိသည့် သုံးရက်လပုံသဏ္ဍာန် မျက်နှာချေ လိမ်းခြယ်ထားသောကချေသည် ၁၄ ဦးတို့သည် 3D နှင့် AR နည်းပညာ အကူအညီဖြင့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်း၏ ပုံရိပ်တို့အကြား လွန်းထိုးလျက် ပုံရိပ်ယောင်နှင့် လက်တွေ့ဇာတ်ခုံတို့၏ အတိုင်အဖောက်ညီမှုဖြင့် ပရိသတ်ရှေ့မှောက်သို့ ကိုယ်ထင်ပြကာ ရောက်ရှိလာခဲ့ကြသည်။

မဂ္ဂဇင်းကို အလွယ်တကူ ဖတ်ရှုရန် QR ကုဒ်ကို စကင်ဖတ်ပါ။
扫描二维码 轻松听杂志



သရုပ်ဆောင်များက "ထန်ခေတ်နန်းတွင်းညပွဲတော်"အက ကပြနေစဉ်။
演员表演舞蹈《唐宫夜宴》新华社 图




ထိုသို့ သမိုင်းထဲမှ ထိုးဖောက်ဖြတ်ကျော် ထွက်ပေါ်လာခဲ့သည့် "လှသူဇာ" များတွင် မူလပုံစံ ရှိပေသည်။ ချန်လင်း၏ ထိုစိတ်ကူးမှာ ၁၉၅၉ ခုနှစ် ဟော်နန်ပြည်နယ် အန်းယန်မြို့ ကျန်းရှိန်သချိုင်းမြေမှ တူးဖော်တွေ့ရှိသည့် ဆွေမင်းဆက်ခေတ် (၅၈၁ ခုနှစ်–၆၁၈ ခုနှစ်၊ ထန်မင်းဆက်ခေတ် မတိုင်မီက မင်းဆက်ခေတ်) ကချေသည် မြေရုပ်များထံမှ စတင်ခဲ့ခြင်း ဖြစ်သည်။ ထိုမြေရုပ်အတွဲမှာ ၁၃ ရုပ်ပါဝင်၍ တူရိယာတီးမှုတ်သူ မြေ ရုပ် ၈ ရုပ်နှင့် ကချေသည်မြေရုပ် ၅ ရုပ် ပါဝင်သည်။

ဟော်နန်ပြည်နယ်ပြတိုက် ဒုတိယထပ်၏ ပြခန်းထဲရှိ ဂီတအက မြေရုပ် ၁၃ ရုပ်၏ ဆံပင်ပုံစံနှင့် အဝတ်အစား ပုံစံတို့မှာ ယေဘုယျအားဖြင့် ဆင်တူကြသည်။ ဆံပင်နက်၊ နှုတ်ခမ်းနီ၊ ခလယ်ခွဲဆံထုံး၊ လက်ကျပ်အင်္ကျီ၊ အရောင်ဆင်တူ ခါးမြင့်ရင်စည်းနှင့် ဖြစ်ကြ၏။ ဂါဝန်ရှည်ကို ရင်ဘတ်ရှေ့မှာ စည်းနှောင်ဝတ်ဆင်ထားကြ၏။ ခါးစည်းတွဲလွဲကျကာ လွင့်ပျံ့နေကြ၏။ ပခုံးထက်မှာ ပိုးပဝါခြုံထားကြ၏။ အသေးစား ဂီတအက ဖျော်ဖြေတင်ဆက်မှုတစ်ရပ် ပြုလုပ်နေသည့်ပမာ ဖြစ်သည်။

တူရိယာတီးမှုတ်သူများမှာ ဟန်အမူအရာ အသီးသီးမတူကွဲပြားကြ၏။ ဂီတထဲမှာ နစ်မျောလျက် မြေကြီးပေါ် ဂါဝန်ရှည်ဖြန့်ခင်းထိုင်ကာ တူရိယာ တီးမှုတ်နေကြသည်။ ကချေသည်များမှာ ဂါဝန်ရှည် အင်္ကျီလက်ရှည် ဝတ်ဆင်ထားကြ၏။ အချို့မှာ အင်္ကျီလက်တိုတစ်ထည် ထပ်ထားသေး၏။ အားလုံးမှာ နူးညံ့သိမ်မွေ့သည့် အမူအရာရှိကြ၍ အင်္ကျီလက်စနှစ်ဖက်ကို ဝှေ့ယမ်းကာ ညင်သာစွာ ကခုန်နေကြသည်။ "သေချာလေ့လာကြည့်ရင် တွေ့နိုင်ပါတယ်၊ အဲဒီထဲက ဖီးဖားဗျပ်စောင်းတီးတဲ့ မြေရုပ်နှစ်ရုပ်က အခုခေတ် ဖီးဖားဗျပ်စောင်းတီးတဲ့နည်းနဲ့ မတူတာကို တွေ့ရမှာပါ၊ ဒါတွေက တရုတ်ရိုးရာဂီတတူရိယာတွေ၊ တူရိယာပုံသဏ္ဌာန်နဲ့ တီးပုံတီးနည်းအပိုင်းတို့မှာ မပြတ်ပြောင်းလဲလာခဲ့တယ် ဆိုတာကို သက်သေပြနေတာပါပဲ"ဟု ဟော်နန်ပြည်နယ်ပြတိုက် ဒုတိယ ပြတိုက်မှူး ကျန်းတယ်ရွှေက ပြောပြသည်။

တရုတ်သမိုင်းတွင် ဆွေမင်းဆက်ခေတ်၊ ထန်မင်းဆက်ခေတ်တို့မှာ ဂီတ၊ အက အနုပညာများ ကောင်းစားခဲ့သည့်ခေတ်ကာလ ဖြစ်သည်ဟု သိရသည်။ "ကျန်းရှိန်သချိုင်းမြေက တူးဖော်တွေ့ရှိတဲ့ အဲဒီဂီတအကမယ်မြေရုပ်တွေဟာ မူလပုံစံအတိုင်း ရှိနေသေးလို့ ဆွေမင်းဆက်ခေတ်၊ ထန်မင်းဆက်ခေတ် ဂီတအကစနစ်တို့ကို လေ့လာဖို့အတွက် အဖိုးတန်တဲ့ သက်သေအချက်အလက် အထောက်အပံ့တွေ ဖြစ်ပါတယ်။ မြေရုပ်တွေ တူးဖော်တွေ့ရှိစဉ်က သူတို့ရဲ့ အဝတ်အစားတွေမှာ အစိမ်း၊ အညို၊ အနီ၊ အဝါ ရောင်စုံရှိကာ ထူးခြားစွာ လှပတောက်ပြောင်နေပါတယ်"ဟု ကျန်းတယ်ရွှေက ပြောပြသည်။

"လေးနက်တဲ့ သမိုင်းယဉ်ကျေးမှုဟာ ပြတိုက်ထဲမှာပဲ ပြသထားတာမျိုး မဖြစ်သင့်ဘဲ အနုပညာလက်ရာမျိုးစုံနဲ့ ပေါင်းစပ်၍ ပြန့်ပွားစေပြီးနောက် ယဉ်ကျေးမှု အနုပညာအလုပ်သမားတွေအတွက် အတွေးတွေ ထပ်ဆင့်ပွားနိုင်အောင် ဆောင်ရွက်သင့်ပါတယ်"ဟု ချန်လင်းက ပြောပြပါသည်။

ဆောင်းပါးအရင်းအမြစ်။ ။ ဆင်ဟွာသတင်းဌာနမှ
ကောက်နုတ်ချက်

来源：新华社，内容有删减

"ထန်ခေတ်နန်းတွင်းညပွဲတော်" အရုပ်များကို တွေ့ရစဉ်။
"唐宫夜宴"手办 CFP 图




# တောင်ပိုင်းမြို့ဖြစ်သည့် ကူမင်း၏ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှု ခေတ်စားလာခြင်း

## 走廊驿站 · 昆明 | 南国冰雪运动 "热"

北京冬奥会举办期间，正值昆明轿子雪山最美的时候。打卡轿子雪山，邂逅一场冰雪奇缘，尽情体验冰雪运动带来的激情欢乐、体验冬奥会运动健儿的拼搏精神，成为云南游客参与冬奥的特殊方式。

ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ကျင်းပချိန်သည် ကူမင်းမြို့ရှိ ကြောင်ကျိုနှင်းတောင်၏အလှဆုံးအချိန် ဖြစ်ပါသည်။ ကြောင်ကျိုနှင်းတောင်သို့သွားကာ နှင်းတောင်အလှ ရှုစားရင်း စိတ်လှုပ်ရှားဖွယ် ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုများ ဆော့ကစားခြင်းဖြင့် ဆောင်းရာသီအိုလံပစ်အားကစားသမားများ၏ ကြိုးပမ်းအားထုတ်မှုစိတ်ဓာတ်များကို ထပ်တူခံစားခြင်းမှာ ယူနန်ပြည်နယ်ခရီးသွားများ၏ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ဂုဏ်ပြုသော ထူးခြားသောနည်းလမ်း ဖြစ်နေပါတော့သည်။

ယခုရက်ပိုင်းမှာ ကြောင်ကျိုနှင်းတောင်တွင် တတိယအကြိမ်မြောက် ရက် ၁၀၀ ပြင်ပ ရေခဲနှင့်ဆီးနှင်းပွဲတော်လှုပ်ရှားမှုကို စတင်ကျင်းပနေသည်။ ကြောင်ကျို နှင်းတောင်၏ ဇီဝမျိုးစုံမျိုးကွဲများနှင့် ပြင်ပ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုကို အသုံးချကာ တောင်ပေါ်တွင် ဆီးနှင်းရှုစားခြင်း၊ တောင်လယ်တွင် ဆီးနှင်းများဖြင့်ကစားခြင်း၊ တောင်အောက်တွင် နှင်းလျှောစီးခြင်းများ ပြုလုပ်နိုင်သည်။ အဓိကလှုပ်ရှားမှုများတွင် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ၏ ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုအမျိုးမျိုး ပါဝင်သည့် အပြင် ပြိုင်ဆိုင်မှုနှင့် ပျော်စရာများ ပေါင်းစပ်ထားသော နှင်းတောင်ပြိုင်ပွဲ၊ နည်းပညာပိုင်းဆိုင်ရာ အာရုံခံစားနိုင်သော VR ဖြင့် ကြောင်ကျိုနှင်းတောင်ပေါ် ပျံသန်းဖြတ်ကျော်ခြင်း၊ Virtual Ice ဖြင့် ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှု တွေ့ကြုံခံစားနိုင်သော သုတေသနစမ်းသပ်ရေးလှုပ်ရှားမှုများ ပါဝင်ပါသည်။ ထို့ပြင် ကလေးများကို ခေါ်လာနိုင်ပြီး ဆီးနှင်းများဖြင့် လူပုံပြုလုပ်ကစားခြင်း၊ ဆီးနှင်းမြေပေါ်တွင် ရတနာရှာဖွေခြင်းကစားနည်း၊ နှင်းလျှောစီးခြင်းစသည်တို့ကို ဆော့ကစားနိုင်သေးသည်။

"ပြီးခဲ့သည့် ဒီဇင်ဘာလ ဆောင်းရာသီကစပြီး နှင်းလျှောစီးအပန်းဖြေစခန်းသို့ လာရောက်လည်ပတ်သူပေါင်း ၃ သောင်းကျော် ရှိပါပြီ။" ယခုနှစ် ကူမင်း ကြောင်ကျိုနှင်းတောင် ပြင်ပ ရေခဲနှင့်ဆီးနှင်းကစားပွဲတော်သည် အိုလံပစ်အားကစားစိတ်ဓာတ်ကို ရှေ့တန်းတင်ထားပြီး အနာဂတ်မှာလည်း အပန်းဖြေစခန်းသည် ခရီးသွားများ လာရောက်နိုင်နှုန်းအား ဆက်လက်တိုးမြှင့်သွားမည် ဖြစ်ကြောင်း၊ အဆင့်မြင့်နှင်းလျှောစီးလမ်းများ ထပ်တိုးထည့်သွင်းခြင်းကို အခြေခံပြီး ရေခဲနှင့်ဆီးနှင်းအားကစားလှုပ်ရှားမှုသို့ လူများ ပိုမိုပါဝင်လာစေရန် လမ်းပန်းဆက်သွယ်ရေးနှင့် တည်းခိုရန် ဟိုတယ်ဆိုင်ရာအဆောက်အအုံများကိုပါ အဆင့်မြှင့်တင်ကာ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ခံက ပြောကြားပါသည်။

ကူမင်းမြို့ပါတီကော်မတီပြန်ကြားရေးဌာန

昆明市委宣传部供稿 吴顺佳 图




# အရောက်လှမ်းချီ ယွီရှီးဆီ ။ ။ ညဲ့အာရ်အထိမ်းအမှတ်

## 走进玉溪｜纪念聂耳

2 月 14 日，玉溪市纪念聂耳诞辰 110 周年暨 2022 年度“聂耳和国歌”音乐文化系列活动在玉溪市聂耳纪念馆举行。

几乎每个中国人都知道，聂耳是中国国歌《义勇军进行曲》的作曲者。聂耳出生于 1912 年 2 月 14 日，祖籍玉溪，虽然仅在世 23 年，但其创作的 37 首曲子皆广为流传。

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ညဲ့အာရ် ၁၁၀ နှစ်ပြည့်မွေးနေ့နှင့် ၂၀၂၂ ခုနှစ် “ညဲ့အာရ်နှင့် နိုင်ငံတော်သီချင်း” တေးဂီတယဉ်ကျေးမှု အဆက်တွဲလှုပ်ရှားမှုများကို ယွီရှီးမြို့ရှိ ညဲ့အာရ်အထိမ်းအမှတ်ခန်းမ၌ ကျင်းပခဲ့သည်။

ညဲ့အာရ်ကို တရုတ်နိုင်ငံတော်သီချင်း “အပျော်တမ်းသူရဲကောင်းတပ်စစ်ချီသီချင်း”၏ ဖန်တီးရေးစပ်သူအဖြစ် တရုတ်နိုင်ငံသားတိုင်းလိုလို သိထားကြပေသည်။ ညဲ့အာရ်ကို ၁၉၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မွေးဖွားပြီး ဘိုးဘေးဇာတိမှာ ယွီရှီး ဖြစ်သည်။ လူ့လောကတွင် အသက် ၂၃ နှစ်အထိသာ နေထိုင်ခဲ့ရသော်လည်း ၎င်းရေးစပ်ခဲ့သည့် ဂီတသံစဉ် ၃၇ ပုဒ်ကုန်လုံးမှာ လူသိများ ထင်ရှားခဲ့ပေသည်။

ညဲ့အာရ်သည် အခြားမြို့တွင် ကာလရှည်ကြာ နေထိုင်ခဲ့သော်လည်း ဘိုးဘေးဇာတိ ယွီရှီးကိုမူ အထူးသံယောဇဉ်ကြီးခဲ့ပေသည်။ လူငယ်ဘဝတုန်းက သူသည် ဘိုးဘေးဇာတိသို့ အကြိမ်ကြိမ် ပြန်လာခဲ့ပြီး စာဖတ်ခြင်း၊ မိတ်ဆွေနှင့် တွေ့ဆုံခြင်းတို့ဖြင့် အေးချမ်းသော အချိန်ကာလကို ဖြတ်သန်းခဲ့ပေသည်။ ယွီရှီးကလည်း အလားတူနက်ရှိုင်းသော သံယောဇဉ်ဖြင့် ညဲ့အာရ်ကို တုံ့ပြန်နေခဲ့ပေ၏။ ယွီရှီးမြို့သို့ ဝင်လာခဲ့လျှင် ညဲ့အာရ်နေအိမ်၊ ညဲ့အာရ်လမ်း၊ ညဲ့အာရ်ရင်ပြင်၊ ညဲ့အာရ်အထိမ်းအမှတ်ခန်းမ စသည်ဖြင့် “ညဲ့အာရ်”နှင့်ဆိုင်သော အကြောင်းအရာများကို နေရာတကာ တွေ့မြင်နိုင်ပါသည်။ ညဲ့အာရ်ရင်ပြင်ကို ကောင်းကင်မြင်ကွင်း အထက်စီးမှ ကြည့်ပါက ပန်းခင်းမြက်ခင်း၊ ပြေးလမ်းတို့နှင့် တစ်ဆက်တည်းဖြစ်အောင် တယောပုံသဏ္ဌာန်ဒီဇိုင်းရေးဆွဲထား၏။ ရင်ပြင်တွင် ခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများ လမ်းလျှောက်နေကြ၊ အပန်းဖြေနေကြသည်။

ညဲ့အာရ် သက်ရှိထင်ရှား ရှိခဲ့သည့်ခေတ်တွင် ပြည်သူတို့ စစ်ဘေးဒုက္ခကို နင့်နေအောင် ခံစားခဲ့ကြရသည့် နှစ်ကာလများ ဖြစ်လေသည်။ သူ၏ဂီတထဲတွင် သာမန်ပြည်သူများအပေါ်ထားရှိသည့် စာနာစိတ်နှင့် အနာဂတ်အပေါ်ထားရှိသည့် အဆုံးမဲ့သော မျှော်လင့်ချက်တို့ အပြည့်ရှိနေခဲ့ပေသည်။ ယခုမှာ ယွီရှီးမှာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ၍ သဘာဝပတ်ဝန်းကျင်ကောင်းမွန်သကဲ့သို့ ပြည်သူတို့၏ လူနေမှုဘဝမှာလည်း တစ်နေ့တခြားပြည့်စုံကြွယ်ဝလာခဲ့ပြီ ဖြစ်သည်။ ယွီရှီးသည် မိမိ၏လုပ်ရပ်ဖြင့် ညဲ့အာရ်၏နက်ရှိုင်းသော သံယောဇဉ်ကို တုံ့ပြန်ထင်ဟပ်လျက်ရှိလေသည်။“သင်သည်ဇာတိရပ်ရွာ၏ ဂုဏ်ယူဖွယ်ရာ ဖြစ်သကဲ့သို့၊ ဇာတိရပ်ရွာမှာလည်း သင်၏ဂုဏ်ယူဖွယ်ရာ ဖြစ်ပေသည်။”

ယွီရှီးမြို့ပါတီကော်မတီပြန်ကြားရေးဌာန

玉溪市委宣传部供稿 曹云波 图



陈创业 图

# အန်နင်းနှင့် တွေ့ဆုံခြင်း ။ ။ ဇာတိမြေ၏တိုးတက်ပြောင်းလဲမှု။

## 遇见安宁｜家乡的变化

《回家》是一部纪实微电影，讲述了云南省安宁市青龙街道彝族村民如何靠自己的力量实践乡村振兴的故事。影片以一个返乡创业的年轻人为主人公，真实地展现了返乡创业青年在新思想与故乡传统文化之间的冲突、协调与成长的过程。

ချင်းလုံလမ်းမသည် ယူနန်ပြည်နယ် အန်နင်းမြို့မြောက်ပိုင်းတွင် တည်ရှိနေပါသည်။ ထိုနေရာတွင် ယီတိုင်းရင်းသားမျိုးနွယ်များ ခေတ်အဆက်ဆက် နေထိုင်ကြသည်။ နှစ်ပေါင်းများစွာကာလအတွင်း သူတို့၏လူနေမှုဘဝများ မည်သို့ပြောင်းလဲမှုရှိနေပြီ ဖြစ်သနည်း။

ကြာချိန် ၇ မိနစ်ရှိသော ဖြစ်ရပ်မှန်ရုပ်ရှင်ဇာတ်လမ်းတို "အိမ်ပြန်ခြင်း"တွင် ချင်းလုံလမ်းမရှိ ယီတိုင်းရင်းသား ရွာသူရွာသားများ မိမိကိုယ့်ကို မည်သို့အားကိုး၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ခဲ့သည့် အကြောင်းကို ပြသထားသည်။ ရုပ်ရှင်မှာ ပုံပြင်ဇာတ်လမ်း ၂ ခုဖြင့် ရိုက်ကူးထားသည်။ ပထမပုံပြင်မှာ ၂၀ ရာစု ၆၀ ပြည့်လွန်နှစ်ပိုင်းက အားလုံးဟုခေါ်သော ယီတိုင်းရင်းသားကောင်လေးက မီးပုံပွဲ (ယီတိုင်းရင်းသားရိုးရာပွဲတော်) ကျင်းပပုံ၊ ဘယ်ခြေအက (ယီတိုင်းရင်းသားရိုးရာအက) ကပုံ၊ "နပန်းသတ်ဘုရင်"ဂုဏ်ပုဒ် အနိုင်ရပုံတို့ကို ပြသထားသည်။ နောက်ပုံပြင်မှာ အားလုံး၏မြေးဖြစ်သူသည် တရုတ်နှစ်သစ်ကူးချိန် ရွာအလည်ပြန်လာချိန်တွင် လူငယ်များ၏ အတွေးအခေါ် သစ်များနှင့် ကျေးရွာ၏ ရိုးရာထုံးစံဟောင်း ယဉ်ကျေးမှုများ ပဋိပက္ခဖြစ်နေပုံကို ဖော်ပြထားသည်။ ဇာတ်လမ်းထဲမှာ အားလုံး၏ မြေးက ရွာမှ ပြန်လည်ထွက်ခွာချိန်တွင် ကားပေါ်မှ ခရီးသည်ပြောသော "ဒီနားက ကျေးရွာတွေက လှတယ်။ ဒါပေမယ့် လာလည်တဲ့လူ မရှိဘူး" ဟု ပြောသည်ကို ကြားလိုက်ချိန်တွင် ကိုယ့်ရွာကိုယ်ပြန်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားစိုက်ထုတ်မည်ဟု သူက ဆုံးဖြတ်ချက်ချလိုက်တယ်။ ၃ နှစ်ကြာပြီးနောက် လူငယ်လည်း ရွာသူကြီးဖြစ်လာပြီး ဗီဒီယိုတိုများရိုက်ကူးခြင်း၊ အွန်လိုင်းတိုက်ရိုက်ထုတ်လွှင့်တင်ဆက်ခြင်း၊ တည်းခိုခန်းဖွင့်လှစ်ခြင်း၊ ထမင်းဆိုင်ဖွင့်လှစ်ခြင်းဖြင့် မိမိ၏ကျေးရွာကို လူအများသိလာအောင်ပြုလုပ်ကာ ပိုမိုကောင်းမွန်သော ကျေးရွာလူနေမှုဘဝအတွက် ရွာသားများနှင့်အတူ ကြိုးပမ်းနေခဲ့ပါသည်။

ရုပ်ရှင်ဇာတ်လမ်းတို၌ တင်ဆက်ဖော်ပြသော လူငယ်အိမ်ပြန်ပြီး လုပ်ငန်းစတင်တည်ထောင်သော၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်သော အဖြစ်အပျက်သည် အန်နင်းမြို့ ချင်းလုံလမ်းမတွင် ဖြစ်ခဲ့သော ဖြစ်ရပ်မှန်ပင် ဖြစ်နေသည်။ ထိုနည်းတူစွာ တရုတ်နိုင်ငံ၏သောင်းပေါင်းများစွာသော ကျေးရွာများတွင် ဖြစ်ပေါ်လျက်ရှိနေသော အဖြစ်အပျက်လည်း ဖြစ်နေပါသည်။

အန်နင်းမြို့ပါတီကော်မတီပြန်ကြားရေးဌာန
安宁市委宣传部供稿

"အိမ်ပြန်ခြင်း"ကို ကြည့်ရှုရန် QR ကုဒ်ကို စကင်ဖတ်ပါ။
扫描二维码，观看《回家》



ရှုဖွယ်စုံလင် တယ်ဟုန်တစ်ခွင် ။ ။ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလတွင် မြန်မာနိုင်ငံနှင့် ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်လို

# 【美丽德宏】后疫情时期，做好对缅交流合作

近日，德宏傣族景颇族自治州第十六届人民代表大会第一次会议和政协德宏州第十三届委员会第一次会议在芒市开幕。德宏州侨务外事委员会联系界别委员们立足各自岗位实际，就做好后疫情时期的对缅交流合作，分享了所思所想，提出了真知灼见。



ယခုရက်ပိုင်းတွင် တယ်ဟုန်တိုင်၊ ဂျိမ်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ၁၆ ကြိမ်မြောက် ပြည်သူ့ကွန်ဂရက်၏ ပထမအကြိမ်အစည်းအဝေးနှင့် ၁၃ ကြိမ်မြောက် နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ပထမအကြိမ်အစည်းအဝေးကို မန်စီမြို့တွင် ကျင်းပခဲ့သည်။ တယ်ဟုန်ပြည်နယ်ခွဲ ပင်လယ်ရပ်ခြားရောက် တရုတ်လူမျိုးရေးရာနှင့် နိုင်ငံခြားရေးရာကော်မတီ ကူးလူးဆက်ဆံရေးကော်မတီဝင်များသည် မိမိတို့၏အလုပ်တာဝန်နှင့် ချိတ်ဆက်ကာ ကိုဗစ်–၁၉ ကပ်ရောဂါ အလွန်ကာလတွင် မြန်မာနိုင်ငံနှင့် ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်မှု ပိုမိုတိုးမြှင့်ဖော်ဆောင်ရန် သဘောထားအမြင်များကို မျှဝေရင်းနှင့် အကြံကောင်းများတင်ပြခဲ့ကြပါသည်။

“ယခုရက်ပိုင်းမှာ တယ်ဟုန်ပြည်နယ်ခွဲ နိုင်ငံဖြတ်ကျော် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာက တစ်နေ့တခြားအားကောင်းလာပါတယ်။ ၎င်း၏ တွန်းအားပေးမှုလည်း ကြီးမားပြီးအကျိုးသက်ရောက်မှုလည်း ထင်ရှားပါတယ်။ ဒါပေမယ့် ကိုဗစ်–၁၉ကပ်ရောဂါကြောင့် နိုင်ငံဖြတ်ကျော် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုကိုလည်း ကြီးမားစွာ ထိခိုက်စေခဲ့တယ်”ဟု ကော်မတီဝင်ရင်ချောင်ဟုန်က ပြောပါသည်။ နယ်စပ်ဒေသ တံခါးဖွင့်လှစ်မှုစံပြဇုန်တည်ဆောက်ရေးကို မှုတည်ကာ တယ်ဟုန်ပြည်နယ်ခွဲ နိုင်ငံဖြတ်ကျော်လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအစီအမံ ကောင်းမွန်စွာရေးဆွဲခြင်း၊ ဘဏ္ဍာရေးဖြင့် နိုင်ငံဖြတ်ကျော် လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၏ ကုန်ထုတ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ထောက်ပံ့ပေးသော နည်းလမ်းများ စူးစမ်းလေ့လာခြင်း၊ နိုင်ငံဖြတ်ကျော်လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု အခြေစိုက်စခန်း တည်ဆောက်ရေးကို သုတေသနပြုလုပ်ခြင်း၊ ပြည်နယ်ခွဲအတွင်းရှိ ထိပ်တန်းစီးပွားရေးလုပ်ငန်းအဖွဲ့များ၏နိုင်ငံဖြတ်ကျော် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် အတတ်နိုင်ဆုံး ထောက်ပံ့ကူညီပေးခြင်းစသည်များကို သူမက အကြံပြုပါသည်။

တယ်ဟုန်ပြည်နယ်ခွဲရှိ နယ်စပ်ဒေသဂိတ်ပေါက်များ၏ ကိုဗစ်–၁၉ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် နယ်စပ်ဒေသ ဂိတ်ပေါက်များရှိ မထိတွေ့သော တပ်ဆင်မှုစက်ကိရိယာများ အဆင့်မြှင့်တင်ပြောင်းလဲရေးလုပ်ငန်းများကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသဂိတ်ပေါက်ရှိ ကုန်တင်ကုန်ချ စက်ကိရိယာ၏ အလုပ်တွင်ကျယ်မှုကို တစိုက်မတ်မတ် မြှင့်တင်ရမည် ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများ မထိတွေ့စေဘဲ သယ်ယူပို့ဆောင်ရေး၊ ကွင်း



ပိတ်စီမံခန့်ခွဲမှုနှင့် ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးစွမ်းရည်ကိုဘက်ပေါင်းစုံမှ မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ကပ်ရောဂါ ကာကွယ်၊ထိန်းချုပ်ရေးလုပ်ငန်းများကို လုံခြုံစွာနှင့် စနစ်တကျရှိစွာ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်နယ်ခွဲအတွင်းရှိ နယ်စပ်ဒေသဂိတ်ပေါက်အသီးသီးမှ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံဖြတ်ကျော် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုတွင် လယ်ယာထွက်ကုန်များ အကောက်ခွန်ရှင်းလင်းရေး အဆင့်တိုးမြှင့်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ကိုဗစ်–၁၉ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ပုံမှန်အားဖြင့်အမြဲလုပ်ဆောင်ရမည့် လက်တွေ့အခြေ အနေများအရ ကော်မတီဝင်ရင်ချောင်ဟုန်က အကြံပြုပါသည်။

“တရုတ်(ယူနန်) လွတ်လပ်သော ကုန်သွယ်ရေးစမ်းသပ်ဇုန်တယ်ဟုန်ဇုန်ဟာ တယ်ဟုန်ပြည်နယ်ခွဲရဲ့ အားသာချက်တစ်ရပ်ဖြစ်သလိုနိုင်ငံဖြတ်ကျော် လယ်ယာစိုက်ပျိုးရေးကုန်ထုတ်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဟာ တယ်ဟုန်ပြည်နယ်ခွဲအတွက် ကြီးမားတဲ့ကုန်သွယ်ရေးအခွင့်အရေးတွေ သယ်ဆောင်လာမှာပါ”ဟု ကော်မတီဝင်များကဆွေးနွေးပြောကြားပါသည်။ တံခါးဖွင့်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကျိုးအမြတ် အတူတကွမျှဝေခံစားခြင်းတို့မှာ လူသားတို့ ဖွံ့ဖြိုးတိုးတက်မှု၏ ထာဝရအဓိကခေါင်းစဉ်ဖြစ်သကဲ့သို့ ကိုဗစ်–၁၉ ကပ်ရောဂါအလွန်ကာလတွင် မြန်မာနိုင်ငံနှင့် ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဖော်ဆောင်ခြင်းတို့သည် နယ်စပ်ဒေသ တံခါးဖွင့်လှစ်မှုစံပြဇုန် တည်ဆောက်ရေး၏ မရှိမဖြစ် လိုအပ်ချက် ဖြစ်ကြောင်း၊နှိုက်နှိုက်နဲနဲ စူးစမ်းလေ့လာကာ အဆက်မပြတ် သုတေသနပြုပြီးမှသာသိပ္ပံနည်းစနစ်ကျ စီမံခန့်ခွဲကာ အောင်သီးအောင်နှံများ ဆွတ်ခူးရရှိနိုင်မည်ဖြစ်ကြောင်း သူတို့က တညီတညွတ်တည်း ဆွေးနွေးပြောကြားခဲ့ကြပါသည်။

တယ်ဟုန်ပြည်နယ်ခွဲပါတီကော်မတီပြန်ကြားရေးဌာန

德宏州委宣传部供稿 CFP 图



# တရုတ်နိုင်ငံတွင် ပညာတော်သင်ရင်း တရုတ်နိုင်ငံ၏ စိတ်ဝင်စားဖွယ်များ ရှာဖွေလေ့လာခဲ့

## 在留学中探寻 中国趣味

作者：吴心妍（西南大学动物科学专业缅籍留学生）

我在中国留学已经 3 年多。身为 Z 世代的缅甸年轻人，我想通过我的留学经历，分享自己亲身感受到的中国。

ကျွန်မသည် တရုတ်နိုင်ငံကို ရောက်နေသည်မှာ ၃ နှစ်ကျော်ရှိပြီ ဖြစ်သည်။ “ Z မျိုးဆက်” မြန်မာလူငယ်တစ်ဦးအနေနှင့် ဤ ၃ နှစ်ကျော်ကာလအတွင်း ကျွန်မ၏ တရုတ်နိုင်ငံအပေါ်ထားရှိသော အတွေးအမြင်များကို ဖော်ပြလိုပါသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများ ဖြစ်သည်ဟု ကျောင်းသင်ခန်းစာတွင် သင်ခဲ့ရဖူးရုံမှတစ်ပါး ယခင်က တရုတ်နိုင်ငံနှင့်ပတ်သက်၍ ဗဟုသုတ နည်းပါးလှပါသည်။ အထက်တန်းအရွယ်တွင် ကျွန်မ၏ မွေးရပ်မြေမှ မြန်မာ–တရုတ်နယ်စပ်သို့ သွားရောက်ကာ အလုပ်လုပ်ကြသူများရှိရာ တရုတ်နိုင်ငံအကြောင်း အနည်းအကျဉ်းကြားသိခဲ့ဖူးသည်။ ဤသို့ဖြင့် ၂၀၁၈ ခုနှစ် ၁၀ လပိုင်းတွင် တရုတ်–မြန်မာ ချစ်ကြည်ရေးအသင်း၏ ကူညီမှုဖြင့် ပညာတော်သင်အဖြစ် တရုတ်နိုင်ငံသို့ နဖူးတွေ့ဒူးတွေ့ရောက်လာချိန်တွင်မှ တရုတ်နိုင်ငံ၏အခြေအနေအရပ်ရပ်ကို တဖြည်းဖြည်းချင်း သိခွင့်ရလာခဲ့၏။

လွန်ခဲ့သော ပညာတော်သင်ဘဝပုံရိပ်များအား ပန်းချီရေးဆွဲပြရမည်ဆိုပါက ကျွန်မ၏ ဦးနှောက်တွင် မြင်ကွင်းများစွာ ရှိနှင့်နေပြီ ဖြစ်ပါသည်။ ကျွန်မ အရေးဆွဲချင်ဆုံးသော ပုံသည် တရုတ်လူငယ်များနှင့် အတူ ပေါင်းသင်းဆက်ဆံရေးပုံ ဖြစ်ပါသည်။ ကျွန်မ၏ ပတ်ဝန်းကျင်တွင်ရှိသည့် တရုတ်လူငယ်သူငယ်ချင်းများသည် စိတ်အားထက်သန်မှုနှင့် ပြည့်လျှံသော စွမ်းအားကြီး ပိုင်ဆိုင်ကြပါသည်။ နေ့စဉ် ပညာဆည်းပူးရာတွင်ဖြစ်စေ နေထိုင်ရာတွင်ဖြစ်စေ သူတို့သည် စူးစမ်းလေ့လာမှုစိတ်ဓာတ် ရှိနေပါသည်။ သူတို့ဆီက လွှမ်းမိုးမှုကြောင့်



ဖူကျိန့်ထုလုံအဆောက်အအုံကိုယ်စားပြုသော အန်းကျန်းခံတပ်။
福建传统土楼民居安贞堡 CFP 图




①



②

ကျွန်မသည် နေရာအနှံ့ လှမ်းချီကာ စူးစမ်းလေ့လာခဲ့ပါသည်။

စိတ်ဝင်စားဖွယ်ဆိုသည်မှာ ကျွန်မသည် တရုတ်နိုင်ငံအား ချီးကျူးမှု အပေးချင်ဆုံးသော ဝေါဟာရတစ်ခု ဖြစ်ပေသည်။ တရုတ် အစားအသောက်ယဉ်ကျေးမှု စိတ်ဝင်စားဖွယ်ကောင်းလှသကဲ့သို့ ဗိသုကာသမိုင်းမှာလည်း အလွန်စိတ်ဝင်စားဖို့ ကောင်းသည်။ ကျွန်မသည် တရုတ်နိုင်ငံ ရောက်ပြီးနောက်ပိုင်း အထူးစိတ်ဝင်စားမိသည့် အရာတစ်ခုမှာ လမ်းကြီးလမ်းငယ်တွင် ပျံ့နှံ့လျက်ရှိနေသည့် နို့လက်ဖက်ရည်ဆိုင်များပင် ဖြစ်သည်။ တရုတ်လူငယ်များစွာသည် နို့လက်ဖက်ရည်အား ရေပန်းစားသည့် အချိုရည်အဖြစ် ပထမဦးဆုံး ရွေးချယ်ကြပါသည်။ ပုလဲနို့လက်ဖက်ရည်၊ Bubble Tea စသည့် နို့လက်ဖက်ရည်များအား ကျွန်မ အမျိုးမျိုးအဖုံဖုံ သောက်သုံးခဲ့သည်။ ဒေသထူးခြားချက်အရသာပါသည့် တရုတ်နို့လက်ဖက်ရည်မှာ မွန်ဂိုရီးယားတိုင်းရင်းသားလူမျိုးတို့၏ နို့လက်ဖက်ရည်နှင့် တိဗက်တိုင်းရင်းသားလူမျိုးတို့၏ ထောပတ်လက်ဖက်ရည် ဖြစ်ပေသည်။ ၎င်းတို့တွင် ထူးခြားချက်များကိုယ်စီ ပိုင်ဆိုင်ကြပါသည်။ ထောပတ်လက်ဖက်ရည် သောက်သုံးပြီးနောက် နက်ရှိုင်းသော ဆိတ်နို့၊ နွားနို့ အမွှေးနံ့တို့ဖြင့် ပါးစပ်တွင် ပြည့်နှက်လျက်ရှိသည်။ တိဗက်တိုင်းရင်းသားလူမျိုးတို့သည် ထောပတ်ထည့်သောက်ကြခြင်းမှာ အရသာကို နှစ်သက်ရုံမျှမကဘဲ အစာကို အလွယ်တကူ ချေဖျက်နိုင်ပါသည်ဟု ယုံကြည်သောကြောင့် သောက်သုံးကြခြင်း ဖြစ်သည်။

စိတ်ဝင်စားစရာများစွာအနက် နောက်တစ်ချက်မှာ တရုတ်ရိုးရာရှေးဟောင်း ဗိသုကာအဆောက်အအုံ ဖြစ်ပါသည်။ တရုတ်လူမျိုးများ၏ ရှေးခေတ်အခါက တည်ဆောက်ခဲ့သော နေအိမ်၊ အဆောက်အအုံ၊ ဘုံကျောင်း၊ နန်းတော် စသည်တို့မှာ အလွန်တရာ ခမ်းနားလှပေသည်။ ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်ကို အလွန်တရာ ဖမ်းစားနိုင်စွမ်းရှိလှသည်။ ၎င်းတို့အနက် အန်းကျန်းခံတပ်ကို ကျွန်မ၏ စိတ်တွင် အလွန်သဘောကျနှစ်သက်မိသည်။ ချီကွမ့်မြို့ဟု လူသိများသော အန်းကျန်းခံတပ်သည် ဖူကျိန့်ပြည်နယ်၊ စန်းမင်မြို့တော်၊ ယုံအန်းမြို့နယ်၊ ဟွိုင်နန်မြို့၊ ယန်ထိုကျေးရွာ၌ တည်ရှိသည်ဟု ရှာဖွေတွေ့ရှိရသည်။ အန်းကျန်းခံတပ်ကို မန်ချင်းမင်းဆက်ခေတ်၊ ကွမ်းရှီဧကရာဇ်လက်ထက်၊ ကွမ်းရှီနန်းစံသက် ၁၁ နှစ်တွင် ဒေသခံ သူဌေးကြီး ချီကျန့်ရွှတ်မှ တည်ဆောက်ပေးခဲ့ပြီး ၁၄ နှစ်ကြာ တည်ဆောက်ခဲ့ရသည်ဟု သိရှိရသည်။ အန်းကျန်းခံတပ်၏ စုစုပေါင်း ဆောက်လုပ်ရေး ဧရိယာ ၅၈၀၀ စတုရန်းမီတာ ကျယ်ဝန်းပြီး အထပ်နှစ်ထပ်ပါရှိသော ဖူကျိန့်ထူလုံအဆောက်အအုံ



အမျိုးအစားဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် ၎င်းကို တရုတ်နိုင်ငံအမျိုးသား ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးယူနစ်အဖြစ် စာရင်းသွင်းခဲ့သည်ဟု ရှာဖွေသိရှိခဲ့ရသည်။ ခံတပ်ပိုင်ရှင်၏ ဒီဇိုင်းကို ကျွန်မ အထင်ကြီးဆုံးအချက်မှာ ယင်းအဆောက်အအုံသည် တောင်ကို ဝိုင်းရံကာ တည်ဆောက်သည့်အတွက် သုံးဖက်မြင်ခံစားချက်နှင့် ပြည့်လျှံနေခြင်းပင် ဖြစ်ပါသည်။

လက်ရှိတွင် ကျွန်မ၏ လက်ကိုင်ဖုန်းတွင် အန်းကျန်းခံတပ်နှင့် ပတ်သက်သော ဓာတ်ပုံများနှင့် သမိုင်းယဉ်ကျေးမှုအချက်အလက်များ သိမ်းဆည်းထားပါသည်။ အားလပ်သည့် အချိန်တွင် ကျွန်မသည် ပတ်ဝန်းကျင်ရှိ သူငယ်ချင်းများနှင့်အတူ ဆွေးနွေးကြပါသည်။ "တရုတ်နိုင်ငံသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မည်ကဲ့သို့ ထိန်းသိမ်းကာကွယ်သနည်း။" အချင်းချင်း ဆွေးနွေးရာတွင် ၎င်းဆွေးနွေးချက်မှာ ကျွန်မအား ပိုမို တွေးတောစဉ်းစားစေလာပါသည်။ မြန်မာနိုင်ငံသည် သမိုင်းရှည်လျားသော၊ တိုင်းရင်းသားများပြားသော၊ ယဉ်ကျေးမှု အမွေအနှစ် အလွန်ပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ ဖြစ်သကဲ့သို့ ဒေသသည် အမွေအနှစ် ထိန်းသိမ်းကာကွယ်ရေး အလေးထားပါသည်။ ရှေးဟောင်း ဗိသုကာယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းကာကွယ်ရာတွင် မြန်မာ–တရုတ်လူငယ်များသည် ခွန်အားသစ်များ ထွန်းကားပေးစေနိုင်သည်ဟု ကျွန်မ ယုံကြည်ပါသည်။ တရုတ်သူငယ်ချင်းတစ်ဦးနှင့် ချိန်းဆိုပြီး သွားရောက်လေ့လာခဲ့သော အန်းကျန်းခံတပ်၏ သမိုင်းယဉ်ကျေးမှု စူးစမ်းရှာဖွေထားမှုနှင့်အတူ သာယာလှပမှုကို ရှုစားကြပါစို့။

မဂ္ဂဇင်းကို အလွယ်တကူ ဖတ်ရှုရန်
QR ကုဒ်ကို စကင်ဖတ်ပါ။
扫描二维码 轻松听杂志

ပုံ ၁။ ဝူစင်းယိန်။
图① 吴心妍 受访者供图
ပုံ ၂။ ထောပတ်လက်ဖက်ရည်။
图② 酥油茶 CFP 图
ပုံ ၃။ ဖူကျိန့်ထုလုံအဆောက်အအုံကိုယ်စားပြုသော အန်းကျန်းခံတပ်။
图③ 福建传统土楼民居安贞堡 CFP 图

# တရုတ်-မြန်မာ-အင်္ဂလိပ် သိပ္ပံနှင့်နည်းပညာအဘိဓာန်(၁၆၅)

## 汉缅英科技词典（165）

王子崇 编译

换向开关 လျှပ်ပြောင်းခလုတ် commutating switch

幻灯机，幻灯放映机 ရုပ်ငြိမ်ပြစက် slide projector
မီးအိမ်ဆလိုက်ပြစက်၊ ရုပ်သေပြစက်
lantern slide projector; projection lantern

幻灯片 မီးအိမ်ဆလိုက် lantern slide

幻数，机变数 နံပါတ်ထူး magic number

幻影线，鬼线 တစ္ဆေအစင်း ghost line

huāng

荒废地 မြေရိုင်း wasteland

荒漠 ကန္တာရ desert

荒漠地 ကန္တာရမြေ desert land

荒酸 ဒိုင်သီအိုအက်ဆစ် dithioacid

huáng

黄胺酸 ဖလေဗီယန်နစ်အက်ဆစ် flavianic acid

黄胺酸盐 ဖလေဗီယန်နိတ် flavianate

黄铵汞矿 မိုဆေဆိုက်သတ္တုကျောက် mosesite

黄斑 အဝါကွက် yellow spot

黄钡铀矿 ဘီလီယေတိုက်သတ္တုကျောက် billietite

黄苯胺 ဖလေဗင်နီလင်း flavaniline

黄长煌斑岩 အယ်လနွိုက် alnoite

黄长石 မယ်လီလစ်ကျောက် melilith

黄长石岩 မယ်လီလီလိုက် melililite

黄赤交角 နေလမ်းကြောင်းယိုင်ထောင့် obliquity of ecliptic

黄丹，铅黄 လစ်သတ် litharge

黄疸 အသားဝါရောဂါ icterus, jaundice

黄道 နေလမ်းကြောင်း၊ ဂြိုဟ်လမ်းကြောင်း ecliptic

黄道带 ရာသီခွင် zodiac

黄道光 ရာသီခွင်အလင်း zodiacal light

黄道面 နေလမ်းကြောင်းပြင်ညီ
ecliptic plane, plane of ecliptic

黄道十二宫 ဆယ့်နှစ်ရာသီခွင် signs of zodiac

黄碲矿，亚碲酸盐 တယ်လူရိုက် tellurite

黄碘银矿 မီယာဆိုက်သတ္တုကျောက် miersite

黄蝶呤 ဇန်သော့တာရင် xanthopterin

黄方解石 ဆီဒါရိုကွန်နိုက်ကျောက် sideroconite

黄方石 ပက်တီနွိုက်ကျောက် patinoite

黄沸石 ဒစ်ကိတ်ကျောက် deeckeite

黄蜂 ပဆုပ်ပနီ wasp

黄符山石 ဇန်သိုက်ကျောက် xanthite

黄钙橄榄石 ဆက်ကိုက်ကျောက် sacchite

黄刚玉 နီလာဝါ၊ အကြွပ်ဝါ yellow corundum

黄锆石 ဂျာဂွန်းကျောက် jargoon

黄钴土 ဟိုဗက်ဆိုက်မြေ hovaxite

黄硅铌钙石 နိုင်အိုကယ်လိုက်ကျောက် niocalite

黄硅铅矿 ဘယ်လမွန်တိုက်ကျောက် belmontite

黄褐帘石 ဇန်သိုသိုက်ကျောက် xanthorthite

黄红帘石 ဝစ်သမိုက်ကျောက် withamite

黄化病 ရွက်ဝါရောဂါ yellows

黄夹甙，黄夹竹桃甙，强心灵 သီဗက်တင် thevetin

黄金储备 သိုးသန့်ထားရွှေ gold reserve

黄经 အာကာသလောင်ဂျီကျူ celestial longitude

黄绢石 ဒိုင်ယာကလာဆိုက်ကျောက် diaclasite

黄蜡石 ခရစ္စမက်တိုက်ကျောက် chrismatite

黄蓝铁矿 ဘော့စဖောရိုက်သတ္တုကျောက် bosphorite

黄连素 ဘာဘာရင် berberine

黄链菌素，黄链丝菌素 စထရက်ပတိုလင် streptolin

黄磷 ဖော့စဖရပ်အဝါ yellow phosphorus

黄磷铝钙石 ဆီရိုလိုက်ကျောက် cirrholite

黄磷锰铁矿 ဆာလမွန်ဆိုက်သတ္တုကျောက် salmonsite

黄磷铁钙矿 ဇန်သိုဇင်နိုက်သတ္တုကျောက် xanthoxenite

黄磷铁矿 ကာကိုဆင်နိုက်သတ္တုကျောက် cacoxenite

黄菱沸石 ဟေဒင်နိုက်ကျောက် haydenite

黄菱锶铈矿 ဘားဘင်ကိုက်သတ္တုကျောက် burbankite

黄菱铀矿 ရန်ဒိုက်သတ္တုကျောက် randite

# ရေနောက်စဉ် ငါးနှိုက်ခြင်း

## 三十六计（20）-- 浑水摸鱼

《三十六计》或称三十六策，是指中国古代三十六个兵法策略，语源于南北朝（420 年—589 年），成书于明清（1368 年—1912 年）。它是根据中国古代军事思想和丰富的斗争经验总结而成的兵书，是中华民族悠久的非物质文化遗产之一。

ကျေးလက်တောရွာသားများသည် မြစ်ချောင်းလေးသို့ သွားပြီး ငါးနှိုက်လေ့ရှိသည်။ သူတို့သည် ချောင်းလေးတွင်း အစိတ်အပိုင်းတစ်ခုရွေးပြီး အစွန်းနှစ်ဖက်ကို ရွှံ့များနှင့် ပိတ်ဆို့၍ ခြားထားသည့် ချောင်းရေကို ရေနောက်အောင်မွှေလိုက်သည်။ ငါးများသည် ရွှံ့ရည်အတွင်း မခံနိုင်လောက်အောင်ကို မွန်ထူ၍ ရေပြင်ပေါ်တက်ပြီး ပါးစပ်ခပ်ကြီးကြီးဟလျက် အသက်ရှူရှိုက်ရသည်မှာ ငါးဖမ်းရ အကောင်းဆုံးအချိန် ဖြစ်သည်။

မြန်မာစာတွင် ပွဲလန့်တုန်းဖျာခင်းဟူသည့် ဥပစာ၏ အဓိပ္ပာယ်နှင့် ခပ်ဆင်ဆင် ဖြစ်သည်။ ဗရုတ်ဗရက်အခြေအနေတွင် အချောင်နှိုက်ယူရန် အားထုတ်မည် ဟူသည့် အဓိပ္ပာယ်ဆောင်သည်။

စစ်ရေးအရပြောရလျှင် ရန်သူအတွင်းပိုင်း၌ ဗရပွေဖြစ်နေစဉ် တိုက်အားချည့်နဲ့ပြီး ကိုယ်ပိုင် ပိုင်းခြားဆုံးဖြတ်ချက်လည်း ကောင်းကောင်းမထုတ်နိုင်သည့် အချိန်ပိုင်းတွင် ရန်သူကို ထိုးစစ်တိုက်ရင် အောင်ပွဲခံယူရလွယ်သည်။

**ရုပ်ဆောင်၍ တူးမြောင်းဖြတ်ကျော်**

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့က စတုတ္ထအကြိမ် အရှေ့အလယ်ပိုင်းစစ်ပွဲ ဖြစ်ပွားခဲ့သည်။ တင်ကြိုပြင်ဆင်မှု အပြည့်လုပ်ထားသည့် အီဂျစ်နှင့် ဆီးရီးယားမဟာမိတ်တပ်သည် ဆူးအက်တူးမြောင်းကို ဖြတ်ကျော်ပြီး ဆိုင်းနိုင်းကျွန်းဆွယ်ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ စစ်တလင်း၏လက်ဦးမှုကို မဟာမိတ်တပ်ပိုင်ဆိုင်ခဲ့သည်။ အစ္စရေး၏ သေနင်္ဗျူဟာ နောက်ပိုင်းဒေသ ကျဉ်းမြောင်းလွန်း၍ အနည်းငယ်မှ ဆုံးရှုံးမှုသာဖြစ်စေ တိုင်းပြည်အဖို့ ကြီးမားသည့် အန္တရာယ် ဖြစ်စေလိမ့်မည်။ တနည်းဆိုရင် အစ္စရေးက အောင်မြင်မှုဘဲ ကြိုဆိုပြီး ဆုံးရှုံးမှုကို ခံနိုင်ရည်မရှိချေ။ ဆိုးဝါးသည့် အခြေအနေ ပြောင်းလဲရန် အလို့ငှာ အစ္စရေးသည် သတ္တိပြောင်သည့် လုပ်ရပ်တစ်ခု ကျင့်သုံးလိုက်သည်။

၁၆ ရက်နေ့ဖြစ်သည်။ တူးမြောင်းအရှေ့ဘက်က ဆိုင်းနိုင်းကျွန်းဆွယ်၌ တိုက်ပွဲ အကြိတ်အနယ် ဆင်နွှဲလျက်ရှိပြီး ဖော့တံတားပေါ်တွင် ကားအသွားအလာသည် များလည်းများ ရှုပ်လည်းရှုပ်နေသည်။ ကင်းစောင့်သားသည် တံတားကြီး၏ လုံခြုံရေးအတွက် တာဝန်ရှိရုံမက လမ်းပန်းဆက်သွယ်မှု အဆင်ပြေအောင် ညွှန်းပြရေးတာဝန်လည်း ထမ်းဆောင်ပြီး လက်မလည်အောင် အလုပ်များလေသည်။

ခပ်ဝေးဝေးမှနေ၍ တင့်ကား၊ သံချပ်ကားတို့နှင့် ဖွဲ့စည်းထားသည့် ကားအဖွဲ့တစ်ဖွဲ့သည် ဖုံမှုန့်လိပ်တက်ပြီး လျင်မြန်စွာ ခုတ်မောင်းလာသည်ကို တွေ့ရသည့် ကင်းစောင့်တပ်သားသည် အာရုံစိုက်ကြည့်နေပြီး နီးသထက်နီးလာသည့်ကားသည် ဆိုဗီယက်ပုံစံဖြစ်သည်ကို မြင်ရသည့်အခါ စိတ်လျော့လိုက်သည်။ သို့သော် ကားအဖွဲ့ကို သတ်မှတ်ချက်အတိုင်း ရပ်ပြီး စစ်ဆေးမှုလက်ခံရန် တောင်းဆိုခဲ့သည်။ ဗိုလ်မှူးတစ်ယောက်သည် စစ်ကားပေါ်မှ ခုန်ဆင်းပြီး “တော်တော်ပင်ပန်းတယ်နော်၊ ညီအစ်ကိုတို့” ဟူ၍ အာရပ်စကားနှင့် ဖော်ဖော်ရွေရွေ နှုတ်ခွန်းဆက်ပါသည်။ စစ်ဗိုလ်ကို တွေ့သော် ကင်းစောင့်တပ်သားသည် တပ်တွင်းပညတ်ချက်အရ အလေးပြုလျက် “မစ္စတာဗိုလ်မှူးက ဘယ်တပ်ဖွဲ့ကလဲ၊ ဘာဖြစ်လို့အနောက်ဘက်သို့ သွားရသလဲ” ဟု မေးသည်။ “အော်၊ ကျွန်ုပ်တို့က နံပါတ် ၂၁ သံချပ်ကားတပ်မကပါ။ အနောက်ကမ်းသို့ ပြန်သွားရတာဟာ အရေးကြီးတဲ့ လျှို့ဝှက်ရေးတာဝန်ရှိလို့ ညီလေးရဲ့” ဟု ပြန်ဖြေလိုက်သည်။ “ဂုဏ်ရောင်ပြောင်တဲ့တပ်ဖွဲ့ကကို ... ကောင်းပါပြီ၊ မစ္စတာတို့ အမြန်သွားပါ”ဟု ခွင့်ပြုခဲ့ရာ၊ “ကျေးဇူးပဲ၊ အလ္လာစောင်မပါစေ”ဟု နှုတ်ဆက်ပြီး တစ်ခဏလေးမှာပဲ ဗိုလ်မှူးတို့ ကားအဖွဲ့သည် အနောက်ဘက်တွင် ပျောက်ကွယ်သွားသည်။ စင်စစ်အားဖြင့် သူတို့သည် အီဂျစ်တပ်မဟုတ်ဘဲ အစ္စရေးမုန်တိုင်းတပ်ဖြစ်ခြင်းကို ဖော့တံတားစောင့်ကင်းက မည်သို့မျှ စဉ်းစား၍ မရခဲ့ချေ။

အစ္စရေးမုန်တိုင်းတပ်သည် အတုအယောင်ဆောင်ပြီး ဖော့တံတားကို ဖြတ်ကျော်၍ ကြိုတင်စီမံထားသည့် အတိုင်းအဖွဲ့လေး ၃ ဖွဲ့ ထပ်ခွဲကာ အီဂျစ်၏မြေ–လေ ပစ်ဒုံးပျံစခန်း ၃ ခုကို အသီးသီး ပြေးသွားကြသည်။ ကိုယ့်ရည်ရွယ်ရာစခန်းစီ ကိုယ်ရောက်ပြီး အီဂျစ်စစ်တပ်၏ ရေဒါကား ဓာတ်အားပေးကားနှင့် ဒုံးပျံပစ်စင်တို့ကို တလကြမ်းပစ်အားဖြင့် ရုတ်ချည်းဖောက်ခွဲပစ်လိုက်သည်။ အီဂျစ်၏ဝေဟင်ယံသည် ကာကွယ်မှုကင်းမဲ့ပြီး အစ္စရေး၏ ဗုံးကြဲလေယာဉ်၊ တိုက်လေယာဉ်များ စိတ်လိုက်မာန်ပါ စိုင်းခွင့်ရရှိ၍ အာရပ်နိုင်ငံတို့ ဆုံးရှုံးပြန်ပြီ။

本文系缅文投稿， 投稿人：刘钦友



# တရုတ်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အလှအပကို ဖော်ပြနိုင်သော ရွှမ်းစက္ကူပြုလုပ်ခြင်းအတတ်ပညာ

# 宣纸制作技艺

中国非物质文化遗产

xuān zhǐ shì zhōng guó chuán tǒng shǒu gōng zhǐ de jié chū dài biǎo
宣纸是中国传统手工纸的杰出代表，
wén fáng sì bǎo bǐ mò zhǐ yàn zhī yī tā
文房四宝（笔、墨、纸、砚）之一。它
shǐ yú táng dài nián nián chǎn yú jīng
始于唐代（618 年 -907 年），产于泾
xiàn xiàn zài de ān huī shěng xuān chéng shì jīng xiàn yīn táng
县（现在的安徽省宣城市泾县），因唐
dài jīng xiàn lì shǔ xuān zhōu guǎn xiá gù yīn dì dé míng xuān zhǐ
代泾县隶属宣州管辖，故因地得名“宣纸”，
qì jīn yǐ yǒu yú nián lì shǐ yǔ qí tā zhǐ zhāng xiāng bǐ
迄今已有 1500 余年历史。与其他纸张相比，
xuān zhǐ jù yǒu zhì dì mián rèn bù zhù bù fǔ děng tè diǎn
宣纸具有质地绵韧、不蛀不腐等特点。

ရွှမ်းစက္ကူသည် တရုတ်ရိုးရာလက်လုပ်စက္ကူ၏ ပြောင်မြောက်သော ကိုယ်စားပြုလက်ရာ ဖြစ်၍ စာကြည့်ခန်းရတနာလေးပါး (စုတ်တံ၊ မင်၊ စက္ကူ၊ မင်သွေးကျောက်ပျဉ်) တွင် တစ်ခုအပါအဝင် ဖြစ်သည်။ ၎င်းကို ထန်မင်းဆက်ခေတ် (အေဒီ ၈ ရာစုအစောပိုင်း) မှစ၍ ကျင်းခရိုင် (ယခု အန်းဟွေးပြည်နယ်၊ ရွှမ်းချိန်မြို့ကြီး၊ ကျင်းခရိုင်) ၌ ထုတ်လုပ်လာခဲ့သည်။ ထန်မင်းဆက်ခေတ် အုပ်ချုပ်ပုံအရ ထိုစဉ်က ကျင်းခရိုင်မှာ ရွှမ်းကျိုးပြည်နယ်ခွဲလက်အောက်၌ ရှိခဲ့သောကြောင့် “ရွှမ်းစက္ကူ”ဟု အမည်တွင်ခဲ့ရာ၊ ယခုဆိုလျှင် နှစ်ပေါင်း ၁၅၀၀ ကျော် သမိုင်းရှိလာခဲ့ပြီ ဖြစ်သည်။ အခြားစက္ကူများနှင့် ယှဉ်လျှင် ရွှမ်းစက္ကူမှာ စက္ကူအသားပျော့ပျောင်းကြံ့ခိုင်ခြင်း၊ ပိုးမထိုး မပျက်စီးခြင်းစသည့် ထူးခြားချက်များ ပိုင်ဆိုင်ထားပေသည်။

xuān zhǐ yī zhí shì shū fǎ huì huà jí diǎn jí yìn shuā de zuì jiā
宣纸一直是书法、绘画及典籍印刷的最佳
zài tǐ zhì jīn réng bù néng wán quán yòng jī qì shēng chǎn
载体，至今仍不能完全用机器生产。
xuān zhǐ chuán tǒng zhì zuò jì yì yǒu dào gōng xù duì shuǐ zhì
宣纸传统制作技艺有 108 道工序，对水质、
yuán liào zhì bèi qì jù zhì zuò gōng yì bǎ wò dōu yǒu yán gé
原料制备、器具制作、工艺把握都有严格

CFP 图

yāo qiú zhè yī jì yì jīng kǒu chuán xīn shòu shì dài xiāng chuán
要求。这一技艺经口传心授世代相传，
bù duàn gǎi jìn yǔ duō zhǒng wén huà yuán sù jié hé duì chuán
不断改进，与多种文化元素结合，对传
chéng zhōng huá mín zú wén huà chǎn shēng le shēn yuǎn yǐng xiǎng
承中华民族文化产生了深远影响，
duì cù jìn mín zú rèn tóng hé wéi hù wén huà duō yàng xìng qǐ dào le
对促进民族认同和维护文化多样性起到了
zhòng yào de zuò yòng nián xuān zhǐ zhì zuò jì yì
重要的作用。2009年，宣纸制作技艺
bèi liè rù lián hé guó jiào kē wén zǔ zhī rén lèi fēi wù zhì wén huà yí
被列入联合国教科文组织人类非物质文化遗
chǎn dài biǎo zuò míng lù
产代表作名录。

ရှမ်းစက္ကူမှာ စာလုံးအလှရေးခြင်း၊ ပန်းချီရေးဆွဲခြင်းနှင့် ကျမ်းဂန်ပုံနှိပ်ခြင်းတို့အတွက် အကောင်းဆုံး စက္ကူဖြစ်၍ ယခုထက်တိုင် စက်ကိရိယာချည်းသက်သက်ဖြင့် မထုတ်လုပ်နိုင်သေးချေ။ ရိုးရာ ရှမ်းစက္ကူပြုလုပ်ခြင်းအတတ်ပညာမှာ အဆင့် ၁၀၈ ဆင့် ရှိ၏။ ရေအရည်အသွေး၊ ကုန်ကြမ်းပစ္စည်း၊ ပြုလုပ်သည့်ကိရိယာ၊ လက်မှုပညာအပိုင်းတို့တွင် အလွန် တိကျမှု ရှိရန် လိုအပ်သည်။ ထိုအတတ်ပညာကို နှုတ်တိုက်ပို့ချသည့်နည်းဖြင့် အစဉ်အဆက် ဆက်ခံလာခဲ့ကာ တိုးတက်ကောင်းမွန်အောင် မပြတ်ကြံဆောင်လာခဲ့ကြပေသည်။ ယဉ်ကျေးမှုဆိုင်ရာ အရေးပါသည့် အကြောင်းအချက် မျိုးစုံနှင့် ပေါင်းစပ်ထားသဖြင့် တရုတ်အမျိုးသားယဉ်ကျေးမှု အမွေဆက်ခံခြင်းနှင့် အမျိုးသားရေးလက္ခဏာ၊ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့အပေါ်တွင် လေးနက်၍ အရေးပါသော လွှမ်းမိုးသက်ရောက်မှုတို့ ရှိသည်။ ၂၀၀၉ ခုနှစ်တွင် ရှမ်းစက္ကူပြုလုပ်ခြင်းအတတ်ပညာသည် ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းထဲတွင် ထည့်သွင်းပါဝင်လာခဲ့လေသည်။

xuān zhǐ zhī suǒ yǐ néng míng yáng tiān xià bù jǐn yǔ qí dú tè de
宣纸之所以能名扬天下，不仅与其独特的
gōng néng mì bù kě fēn hái yǒu yī gè zhòng yào yuán yīn shì xuān zhǐ de
功能密不可分，还有一个重要原因是宣纸的
yíng xiāo ér zài zhè fāng miàn gǔ dài shāng bāng gōng bù kě mò
营销，而在这方面古代商帮功不可没。

ရှမ်းစက္ကူ ထင်ရှားကျော်ကြားရခြင်းအကြောင်းရင်းမှာ ၎င်း၏အများနှင့်မတူ တစ်မူထူးခြားသော လုပ်ဆောင်ချက်ကြောင့်အပြင် အခြားအရေးကြီးသော အကြောင်းရင်းနောက်တစ်ခုမှာ ရှမ်းစက္ကူ၏ ရောင်းချမှုပုံစံကြောင့်လည်း ဖြစ်ပေရာ၊ ထိုအပိုင်းမှာတော့ ရှေးခေတ်ကုန်သည်အဖွဲ့များ၏ ကျေးဇူးမကင်းပေ။

wèi xún qiú gèng dà de shì chǎng zài qīng dài
为寻求更大的市场，在清代（1636
nián nián chū zhōng qī jīng xiàn jiù kāi shǐ chū
年—1912年）初中期，泾县就开始出
xiàn yǐ jiā zú tóng yè wéi niǔ dài zhú bù zài wài dì xiāo shòu
现以家族、同业为纽带，逐步在外地销售
xuān zhǐ de xuān zhǐ shāng bāng gēn jù lái zì quán guó de yòng
宣纸的"宣纸商帮"。根据来自全国的"用
hù fǎn kuì cōng míng de shāng bāng lǐng xiù men yòu jiāng xuān zhǐ
户反馈"，聪明的商帮领袖们又将宣纸
de pǐn lèi yī zài tuò zhǎn shēng jí zhú jiàn xíng chéng le xuān
的品类一再拓展、升级，逐渐形成了宣
zhǐ wén huà yī xiē pǐn lèi de xuān zhǐ běn shēn jiù chéng wéi shì suǒ
纸文化，一些品类的宣纸本身就成为世所
hǎn jiàn de wén huà zhēn bǎo
罕见的文化珍宝。

ပိုမိုကြီးမားသော ဈေးကွက်ကို ရရှိရန်အတွက် မန်ချူးမင်းဆက်ခေတ် (၁၆၃၆ ခုနှစ်–၁၉၁၂ ခုနှစ်)အစောပိုင်းနှင့် အလယ်ပိုင်းကာလတွင် ကျင်းခရိုင်မှာ မိသားစုများ၊ လုပ်ငန်းတူများ၏ အဆက်အသွယ်ဖြင့် တစ်ရပ်တစ်ကျေးအထိ ရှမ်းစက္ကူကို ရောင်းချသည့် "ရှမ်းစက္ကူကုန်သည်အဖွဲ့"များ တဖြည်းဖြည်းထွက်ပေါ်လာခဲ့သည်။ နိုင်ငံတစ်ဝန်းက အသုံးပြုသူများထံမှ တုံ့ပြန်မှုများကို အခြေခံ၍ ထက်မြက်သည့် ကုန်သည်အဖွဲ့ ခေါင်းဆောင်များသည် ရှမ်းစက္ကူ၏ အမျိုးအစားကို အထပ်ထပ် အဆင့်မြှင့်တင်လာခဲ့ကြရာက တဖြည်းဖြည်းနှင့် ရှမ်းစက္ကူယဉ်ကျေးမှုအနေဖြင့် ဖြစ်ပေါ်လာခဲ့လေသည်။ အချို့သော ရှမ်းစက္ကူအမျိုးအစားတွင် ၎င်းကိုယ်၌ကပင် ကမ္ဘာ့ရှားပါးလှသော ယဉ်ကျေးမှု အဖိုးတန်ရတနာ ဖြစ်လာခဲ့ပေသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合





# စာဖတ်သူ၏ အသံ

# 读者反馈

本刊记者 张莹琳 / 整理

缅甸留学生奥觉梭：1 月刊的封面太有设计感了！一看到电子杂志，我就感受到了祥和浓郁的中国虎年气氛。今年是我在中国留学的第 3 年，有《吉祥》杂志的陪伴，我一直都能了解到缅中两国最新资讯。身为“Z 世代”的缅甸年轻人，我最感兴趣的一月刊文章是《没有表情包的聊天失去了灵魂》。在日常和朋友聊天中，我们缅甸青年都比较喜欢发各种表情包来表达自己的情绪。缅甸有很多流行的表情包，这些表情包的可解释性、隐晦性和不确定性，成为我们愿意使用的原因。妙妙，中国青年会创作一些自定义表情包吗?

မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသား အောင်ကျော်စိုး။ ။ ဇန်နဝါရီလထုတ် မဂ္ဂဇင်းရဲ့ မျက်နှာဖုံးဒီဇိုင်းဆွဲထားတာ အရမ်းကောင်းတယ်။ အီး-မဂ္ဂဇင်းကို စတွေ့လိုက်တာနဲ့ တရုတ်ကျားနှစ်ရဲ့ ငြိမ်းချမ်း၊ ကြွယ်ဝတဲ့ အငွေ့အသက်ကို ကျွန်တော် ခံစားလိုက်ရတယ်။ ဒီနှစ်ဟာ ကျွန်တော် တရုတ်နိုင်ငံမှာ ပညာသင်ကြားနေတဲ့ တတိယနှစ်ဖြစ်တယ်။ “မင်္ဂလာ”မဂ္ဂဇင်းကတစ်ဆင့် ကျွန်တော်က မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နောက်ဆုံးရ သတင်းအချက်အလက်တွေကို အမြဲဖတ်ရှုနိုင်ခဲ့တယ်။ “ Z မျိုးဆက် ” မြန်မာလူငယ်အနေနဲ့ ကျွန်တော့်အတွက် စိတ်ဝင်စားဖွယ်အရှိဆုံးဖြစ်တဲ့ ဇန်နဝါရီလထုတ် မဂ္ဂဇင်းရဲ့ ဆောင်းပါးကတော့ “စတစ်ကာမပါတဲ့ ချက်တင်ဟာ ဝိညာဉ်မဲ့သွားလိမ့်မယ် ”ဖြစ်တယ်။ နေ့စဉ်ဘဝမှာ မိတ်ဆွေသူငယ်ချင်းတွေနဲ့ စကားစမြည်ပြောတဲ့အခါမှာ ကျွန်တော်တို့ မြန်မာလူငယ်တွေဟာ စတစ်ကာအမျိုးမျိုးအဖုံဖုံကို ပေးပို့ပြီးတော့ ကိုယ်ရဲ့စိတ်ခံစားချက်တွေကို ဖော်ပြလေ့ရှိပါတယ်။ မြန်မာနိုင်ငံမှာ ခေတ်စားတဲ့ စတစ်ကာ တော်တော်များများ ရှိပါတယ်။ အဲဒီစတစ်ကာတွေဟာ အဓိပ္ပာယ်ဖွင့်ဆိုနိုင်မှု၊ ဝေ့လည်ကြောင်ပတ်မှုနဲ့ မသေချာမရေရာမှုတွေ စတာတွေပါရှိတဲ့အတွက် ကျွန်တော်တို့ စတစ်ကာတွေ အသုံးပြုရတာ ကြိုက်နှစ်သက်တဲ့အကြောင်းရင်း ဖြစ်လာပါတယ်။ မြမြရေ၊ တရုတ်လူငယ်တွေက စိတ်ကြိုက်စတစ်ကာတွေ ဖန်တီးတတ်ကြသလား။

妙妙：会的。近年来，随着年轻网友不断涌入社交网络，表情包制作门槛越来越低，只需要截一张图，打上字，画两笔，就可以制作一个新表情包。现在，时不时就会有表情包爆红网络。对很多中国年轻人来说，手机里可以没有钱，但不可以没有表情包。

မြမြ ။ ။ ဟုတ်ကဲ့၊ ဖန်တီးတတ်ကြပါတယ်။ ယခုနှစ်ပိုင်းမှာ လူငယ် အင်တာနက်သုံးသူတွေဟာ လူမှုကွန်ရက်ထဲကို အဆက်မပြတ် ဝင်ရောက် လာတာနဲ့အမျှ စတစ်ကာတွေ ပြုလုပ်ဖို့ ကန့်သတ်ချက် လျော့နည်းလာခဲ့ပါ တယ်။ ရုပ်ပုံတစ်ပုံမှာ စကားလုံးတွေ ရိုက်ထည့်လိုက်တာနဲ့ စတစ်ကာသစ် တစ်ခုကို အဆင့်နည်းနည်းနဲ့ ပြုလုပ်နိုင်ပါတယ်။ လက်ရှိ အင်တာနက်ပေါ် မှာ ရေပန်းစားတဲ့ စတစ်ကာတွေ အခါအားလျော်စွာ ထွက်ပေါ်လာလေ့ရှိပါ တယ်။ တရုတ်လူငယ်များစွာအဖို့ ကိုယ်ရဲ့ လက်ကိုင်ဖုန်းမှာ ပိုက်ဆံမရှိနိုင် ပေမယ့် စတစ်ကာတွေတော့ ရှိကြရမယ်။

奥觉梭：哈哈，是的。表情包已经变成我们年轻人自有的一套社交语言密码。对我们来说，文字是理性的，而表情包是表达感性的最好方式。所以，我非常喜欢阅读类似的年轻化内容，又好玩又有趣！

အောင်ကျော်စိုး ။ ။ ဟားဟား၊ ဟုတ်ပါတယ်။ စတစ်ကာတွေဟာ ကျွန်တော်တို့ လူငယ်တွေရဲ့ ကိုယ်ပိုင်မိတ်ဖွဲ့တဲ့ စကားဝှက်တွေ ဖြစ်လာ ပါတယ်။ ကျွန်တော်တို့အဖို့ စကားလုံးတွေဟာ ဆင်ခြင်တုံတရားရှိသလို စတစ်ကာတွေဟာ စိတ်ခံစားချက်ကို ဖော်ပြဖို့ အကောင်းဆုံးနည်းလမ်း ဖြစ်ပါတော့တယ်။ ဒါ့ကြောင့် ကျွန်တော်က ငယ်ရွယ်နုပျိုတဲ့အကြောင်း အရာတွေကို ဖတ်ရတာ အလွန်နှစ်သက်တယ်။ ပျော်စရာနဲ့ စိတ်ဝင်စား ဖွယ်ကောင်းပါတယ်။

妙妙：没问题，满足你！我们今年将推出“提问 Z 世代”系列栏目，每期从中缅泰老柬越 6 个国家寻找 6 位“Z 世代”青年，对年轻人比较关注的热门话题进行讨论。借此机会，《吉祥》杂志诚挚地欢迎你的参与！

မြမြ ။ ။ ဟုတ်ကဲ့ပါ၊ အစ်ကိုတို့ ကျေနပ်စေမယ့် အစီအစဉ်တစ်ခု စီစဉ်ထားပါတယ်။ ဒီနှစ်မှာ ကျွန်မတို့မဂ္ဂဇင်းက “ ‘Z မျိုးဆက်’ကို မေးမြန်းခြင်း”ဆိုတဲ့ကော်လံကို တိုးချဲ့ဖွင့်လှစ်သွားမှာပါ။ လူငယ်တွေ အာရုံစိုက်တဲ့ ရေပန်းစားတဲ့ခေါင်းစဉ်မှာ အတူပါဝင်ဆွေးနွေးဖို့ လတိုင်းမှာ တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်စတဲ့ နိုင်ငံ ၆ နိုင်ငံက “Z မျိုးဆက်”လူငယ်တွေကို ဖိတ်ကြားပါမယ်။ ဒီ အခွင့်အရေးကတစ်ဆင့် အစ်ကိုတို့လည်း ပါဝင်ဖို့ “မင်္ဂလာ”မဂ္ဂဇင်းက ရိုသေလေးစားစွာ ဖိတ်ခေါ်ပါတယ်နော်။

**မြန်မာ နိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးမျိုးညွန့်**

缅甸牛油果种植协会副会长、曼德勒牛油果种植协会会长

吴谬纽

2021 年，我经常受邀参加《吉祥》杂志在线上举办的各类交流活动。在我看来，这些线上活动在缅中两国都获得了良好的效果。值得一提的是，为促进两国各领域开展更深入的交流与合作，《吉祥》杂志积极地牵线搭桥，充分地发挥了媒体的桥梁纽带作用。

၂၀၂၁ ခုနှစ် “မင်္ဂလာ”မဂ္ဂဇင်းက အွန်လိုင်းမှာ ကျင်းပတဲ့ ဖလှယ်ရေးလှုပ်ရှားမှုအမျိုးမျိုးကို ပါဝင်တက်ရောက်ဖို့ ကျွန်တော့်ကို အမြဲတမ်း ဖိတ်ကြားခဲ့ပါတယ်။ ဒီအွန်လိုင်းလှုပ်ရှားမှုတွေဟာ မြန်မာ–တရုတ် နှစ်နိုင်ငံမှာ ကောင်းမွန်တဲ့ရလဒ်တွေ ရရှိခဲ့တယ်လို့ ကျွန်တော် ထင်မြင်ပါတယ်။ အထူးသဖြင့် နှစ်နိုင်ငံဟာ နယ်ပယ်အသီးသီးမှာ ပိုပြီးတော့ နက်ရှိုင်းတဲ့ ဖလှယ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့ “မင်္ဂလာ” မဂ္ဂဇင်းဟာ တက်ကြွစွာ ဖလှယ်ဆက်ဆံပြီး မီဒီယာရဲ့ ပေါင်းကူးတံတား အကျိုးကို အပြည့်အဝ သက်ရောက်စေခဲ့ပါတယ်။


云桥网
WWW.YUNNANGATEWAY.COM
แม่น้ำโขง
《湄公河》
จำปา
《占芭》
မင်္ဂလာ
《吉祥》
ខ្មែរ
《高棉》
SEE CHINA
SEE YUNNAN
2022
WWW.YUNNANGATEWAY.COM
Amazing Yunnan